မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၆ ရက်၊ စနေနေ့၊ အတွဲ (၅၅)၊ အမှတ် (၂၁၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တမူးခရိုင်နှင့်မော်လိုက်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး
ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းဆောင်ရွက်
ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စီးပွားဖြစ်စိုက်ပျိုးရန်မှာကြား

ရန်ကုန် မေ ၅

စစ်ကိုင်းတိုင်း တမူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ရက် နံနက် ၆နာရီခွဲတွင် တမူးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ရှေးဦးစွာ ဆေးရုံအတွင်းရှိ အမျိုးသားလူနာဆောင်၊ နေရောင်ခြည်စွမ်းအင်သုံး ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တမူးဆေးရုံသို့ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာခင်မောင်ဌေးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် တမူး–မြို့သစ်–အောင်ဇေယျလမ်း မိုင်တိုင်အမှတ် (၄/၀)ရှိ တမူးမြို့နယ် ချောင်းနက်ကြီးကွင်း၌ ကျင်းပသည့် တမူးခရိုင် ဌာနပေါင်းစုံ ကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က တမူးခရိုင်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးထားရှိမှု၊ ပျိုးထောင်ထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ မော်လိုက်ခရိုင်နှင့် မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက်သတင်း နှင့် ဓာတ်ပုံအညွှန်း

မိမိ၊ သူတစ်ပါးနဲ့ လူအများကို စိတ်ဆင်းရဲအောင်၊ ကိုယ်ဆင်းရဲအောင်၊ ကြောက်လန့်တုန်လှုပ်အောင်၊ မငြိမ်မသက် ဆူဆူပူပူ အုံကြွပေါက်ကွဲအောင် စေတနာဆိုးနဲ့ အမျိုးမျိုး (သူများက ဒေါ်လာပေးပြီး ခိုင်းစေ နေတာကြောင့်) လှုံ့ဆော်သွေးထိုး လုပ်နေရတာတွေဟာ အကုသိုလ် ဒုစရိုက်မဟုတ်လို့ ဘာလဲ။

ရဲဘော်စိုးဝင်းလှိုင်၏ ဆောင်းပါး (စာ–၁၀)



သမုဒ္ဒရာ ရေနက်ပိုင်းတွင် ထူးဆန်းသော ငါးမျိုးစိတ်သစ်များ တွေ့ရှိ

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ–၆)

အင်္ဂလန်နည်းပြ အဲရစ်ဆင်၏ ရာထူး မက်ကလာရင် လွှဲပြောင်း ယူမည်

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

6-5 (01).p65 1 1/5/32, 12:33 AM

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်**
(၂၀၀၆ ခုနှစ်၊ မေလ ၆ ရက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အောင်မြင်ရေး ပူးပေါင်းလက်တွဲ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်တစ်ဝန်းလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာရေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေလ ၃ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံလမ်းပိုင်းကို ကတ္တရာလမ်း အဆင့်မြှင့်တင် ခင်းကျင်းနေမှု အခြေအနေနှင့် ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝမြစ်ရေတိုက်စားမှုကြောင့် မြေထိန်းနံရံဆောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီလမ်းပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ထန်းတပင်မြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်လျက်ရှိရာတွင် ရေ၊ မြေ သဘာဝ အခြေအနေအရ လျာထားရည်မှန်းထားသည့် စိုက်ပျိုးဧကပြည့်မီအောင် ရေပေးသွင်းနိုင်မည့်နေရာကို ရွေးချယ်၍ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံအထိ လေးမိုင်အရှည်ရှိလမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်အတွက် လမ်းကို အကျယ်၁၂ပေမှ ၁၄ပေအထိ တိုးချဲ့သွားရန် စီစဉ်ဆောင်ရွက်နေသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးဖြစ်သည့် ကျေးရွာအချင်းချင်း ဆက်သွယ်သည့်လမ်းများနှင့် ကျေးရွာနှင့်မြို့များ ဆက်သွယ်သည့် လမ်းများကို ဖောက်လုပ်ပေးခြင်းဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ဒေသခံပြည်သူများဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူ လာလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလုံအလောက်ရရှိရေးသည်လည်း အရေးကြီးပေသည်။ စိုက်ပျိုးရေအလုံအလောက်ရရှိမှသာ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသစီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်၍ နိုင်ငံတော်က ရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ ကျေးလက်ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသားကျောင်းသူများ စာတတ်မြောက်ရေး၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စည်းရုံးပညာပေး ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အတူ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် ကျန်းမာရေးပညာပေးရေးလုပ်ငန်းများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုကို ရယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကျေးလက်စီးပွားရေးတိုးတက်မြင့်မားလာရန် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးမှုသည် အခြေခံကျပေသည်။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် အခြေခံကျသည့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ စွမ်းဆောင်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ရှည်လျားတဲ့ဘဝသံသရာ"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"ချစ်ချိုပြင်း"** သရုပ်ဆောင်- အကယ်ဒမီ ကျော်ဟိန်း၊ အကယ်ဒမီစိုးမြတ်သူဇာ၊
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၃၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၃၀)ဇာတ်သိမ်း

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အတုလရန်ပယ်စည်တော်ကြီး ကြည့်ရှု မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ၂ရက်က မန္တလေးမြို့သို့ရောက်ရှိ၍ ရှေးဦးစွာ အနုပညာဦးစီးဌာန(အထက်မြန်မာပြည်) အမျိုးသားဇာတ်ရုံ၌ တောင်တွင်းကြီးမြို့နယ် ဗိသနိုးရှေးဟောင်းပြတိုက်ကြီး၌ထားရှိမည့် အတုလရန်ပယ်စည်တော်ကြီး ပြုလုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ယင်းစည်တော်ကြီး၏ အလျားမှာ ၁၃ပေ၊ လုံးပတ်၁၆ပေ ၃လက်မ၊ မျက်နှာဝပန်းကုံးပါ၅၅လက်မနှင့် အခြားမျက်နှာဝမှာ ပန်းကုံးပါ၅၂လက်မရှိကြောင်း သိရသည်။

အလှူငွေများပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးသို့လည်းကောင်း၊ ရွှေနန်းတော်ကျောင်းကြီးသို့လည်းကောင်း **(အပေါ်ပုံ)**၊ ပဋ္ဌမသင်္ဂါယနာတင်မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ ကြည့်ရှုစစ်ဆေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကာ လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဝန်ကြီးသည် မေ၃ရက်က တောင်သမန်ကျောက်တော်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မုခ်လေးဘက်ရှိ နံရံဆေးရေးပန်းချီများ မပျက်စီးအောင် ထိန်းသိမ်းရေးနှင့် ကူးယူမှတ်တမ်းတင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းထားသော ဦးပိန်တံတားကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမရပူရမြို့ရှိ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီးသို့ သွားရောက်၍ ဗုဒ္ဓဆင်းတုတော်၄၈၄ဆူနှင့် ပေ၊ပုရပိုက်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ရက်က အမှတ် (၅) ရပ်ကွက်ရုံး ခန်းမ၌ ကျင်းပရာ မြို့နယ် ပြန် ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင်များ သက်တမ်းမလွန်မီ အချိန်မီစိုက်ပျိုး စိုက်ကေများ သတ်မှတ်လျာထားချက်ပြည့်မီအောင်တိုးချဲ့စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်အောင် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂ ရက်တွင် လားရှိုးမြို့ရှိ အမှတ်(၃) ကုန်းမြင့်ယာမြေ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀ စိုက်ခင်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးကျော်မြင့်က အမှတ်(၃) ကုန်းမြင့်ယာမြေ၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ဧက ၁၀၀၀ ကို စက်ယန္တရားအင်အားများ၊ လူအင်အားများဖြင့် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ခြံ စည်းရိုးကြက်ဆူပင် ၁၄၅ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းများမှ မျိုးသန့်မျိုးစေ့များ၊ ပျိုးပင်များ၊ မျိုးကိုင်းပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာများကို ဒေသခံတောင်သူများ၊ လုပ်ငန်းရှင်များသို့ အခမဲ့ အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မျိုးသန့်စိုက်ခင်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနေမှုနှင့် ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးသွားကြရန်မှာကြားသည်။

တစ်ဦးချင်းဝေငှ

ဆက်လက်၍ ကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို ကျင်းပရာ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန် တစ်ဦးချင်း ဝေငှပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင်စံပြဧက ၁၀၀၀ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးများကို သတ်မှတ်နေရာများ၌ ပါဝင်စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ငါးသောင်းကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုနှင့် စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု၊ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အမှတ်(၄)ကုန်းမြင့်ယာမြေ၌ ဗလမင်းထင်ကုမ္ပဏီလီမိတက်၏ တစ်ဧက တန် ၅၀ထွက် အထူးအထွက်ကောင်းကြံသုတေသန စံပြ ၁၀ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း နှစ်ရှည်အုန်းဆံပင်များအကြား၌ အထူးအထွက်ကောင်းကြံများကို အရင်းပိုင်း၊ အလယ်ပိုင်းနှင့် အဖျားပိုင်း စနစ်တကျခွဲခြား၍ မြောင်းစနစ်ဖြင့်မြေပြုပြင်၍ စိုက်ပျိုးရန် ဆောင်ရွက်ပြီးစီးနေမှုနှင့် စိုက်ပျိုးရေး ပညာပေး ခင်းကျင်းပြသထားသော အထူးအထွက်ကောင်းကြံပင်များ၏ အရင်းပိုင်း၊ အလယ်ပိုင်းနှင့်အဖျားပိုင်း ခွဲခြားထားရှိမှုနှင့် အထူးအထွက်ကောင်းကြံမျိုးများ စုဆောင်းရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗလမင်းထင်ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးတာဝန်ခံ ဦးခင်မောင်မြင့်က တစ်ဧကတန် ၅၀ ထွက် အထူးအထွက်ကောင်းကြံပင်များ စိုက်ပျိုးရန် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က အထူးအထွက်ကောင်းကြံပင်များ ဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လားရှိုးမြို့အထွက် အမှတ်(၁)ကုန်းမြင့်ယာမြေဧက ၁၀၀၀မျိုးစေ့ထုတ် ဇုန်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်၊ နှစ်တိုနာနတ်ပင်နှင့် နှစ်ရှည်အုန်းဆံပင် စံပြမျိုးသန့်မျိုးပွား သီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း တိုက်ရိုက် ကိုင်းထိုးစနစ်ဖြင့် သင်ကြားတန်းကြား၌ စနစ်တကျ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းပင် တစ်သိန်းတစ်သောင်းရှစ်ထောင့်ရှစ်ရာ၏ ရှင်သန်ကြီးထွားနေမှု၊ နှစ်တိုနာနတ်ပင် တစ်သိန်းနှစ်သောင်းငါးထောင်မှ အသီးများဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများနှင့် အုန်းဆံပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မျိုးစေ့ထုတ်ဇုန်အတွင်းရှိ တစ်ဧက တန် ၅၀ထွက် အထူးအထွက်ကောင်းကြံ စံပြဧက ၃၀စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း အထူးအထွက်ကောင်းကြံပင်များ အရင်းပိုင်း၊ အလယ်ပိုင်း၊ အဖျားပိုင်း စနစ်တကျ ခွဲခြား၍ ပေါင်များဖြင့် စနစ်တကျ စိုက်ပျိုးထားရှိမှု၊ အထူးအထွက်ကောင်းကြံပင်များမှ ကြံအဆစ်များဖြင့် စတင်ထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၃ ရက်တွင် လားရှိုးမြို့ရှိ တိုင်းစစ်ဌာန ချုပ်၏ ပျားလိမ္မော် ၅၀၀စံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း ပျားလိမ္မော်ပင်များမှ အသီးများ စတင်ထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဝေငှပေးစဉ်။ (သတင်းစဉ်)

တိုက်ရိုက်အစေ့ချ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လားရှိုးတပ်နယ် နယ်မြေခံတပ်ရင်း၏ခြံစည်းရိုးကြက်ဆူပင် စံပြ ၁၀ဧကစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း ပင်ကြားတန်းကြား ခြောက်ပေx ခြောက်ပေ စိုက်နည်းစနစ်ဖြင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် တစ်သောင်းနှစ်ထောင်၏ သက်တမ်းအလိုက်ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်မျိုးသန့်မျိုးပွားစံပြ ဧက ၁၀၀စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း တိုက်ရိုက်အစေ့ချစနစ်နှင့် တိုက်ရိုက်ကိုင်းထိုးစနစ်များဖြင့် ပင်ကြားတန်းကြား ခြောက်ပေ X ခြောက်ပေ စိုက်နည်းစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ၏ ရှင်သန်ကြီးထွားဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများ၊ နှစ်ရှည်သစ်ဆိမ့်ပင်များအကြား ခြံစည်းရိုးကြက်ဆူပင်များကို သီးညှပ်အဖြစ် စိုက်ပျိုးထားရှိမှုနှင့်ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

အင်တိုက်အားတိုက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စံပြပျိုးခင်းသို့ ရောက်ရှိကြ၍ တိုက်ရိုက် အစေ့ချစနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားသောခြံစည်းရိုးကြက်ဆူ ပျိုးပင် သုံးသိန်းခြောက်သောင်းနှင့် တိုက်ရိုက် ကိုင်းထိုးစနစ်ဖြင့်စနစ်တကျ ပျိုးထောင် စိုက်ပျိုးထားသော မျိုးကိုင်းပင် တစ်သိန်းနှစ်သောင်း၏ မြေချ စိုက်ပျိုးရန် အသင့်ဖြစ်နေမှုနှင့်ဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တာဝန်ရှိသူများအား မိုးဦးကျစိုက်ပျိုးရာသီတွင် သက်တမ်းမလွန်မီ အချိန်မီမြေချ စိုက်ပျိုးရေး၊ စိုက်ကေများသတ်မှတ် လျာထားချက် ပြည့်မီအောင်တိုးချဲ့ စိုက်ပျိုးရေးနှင့် ဖြစ်ထွန်းအောင်မြင် အောင် အင် တိုက်အားတိုက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စီမံကိန်းအရ ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်းစိုက်ပျိုးရန်လျာထားပြီး ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများဖြင့် ခြံစည်းရိုးကြက်ဆူပင်ဧကပေါင်း ၂၁၈၂၁ ဒသမ ၇၂ ဧကစိုက်ပျိုးပြီးစီးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ အစေ့ချစိုက်သည့်ဧကမှာ ဧက ၁၄၀၊ ကိုင်းထိုးစိုက်ပျိုးသည့်ဧကမှာ ၂၁၆၈၁ ဒသမ ၇၂ ဧကဖြစ်ပြီး ယခုအခါ ခြံစည်းရိုး ကြက်ဆူပင်များမှာ အောင်မြင်ဖြစ်ထွန်း၍ အသီးများစတင်သီးနေပြီဖြစ်ရာ ဇွန်လတွင် ပထမအသုတ် အသီးများကို ဆွတ်ခူးရရှိနိုင်သည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ကြက်ဆူသီးများဆွတ်ခူးပြီးသည်နှင့် ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ မျိုးစေ့များဖြန့်ဝေသွားမည့်အပြင် ဘိုင်အိုဒီဇယ်ဆီများ ထုတ်လုပ်ကာ ဒေသတွင်းရှိ လယ်ယာသုံး ယာဉ်များတွင် ဒီဇယ်ဆီအစားထိုးဆီအဖြစ် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ခြံစည်းရိုးကြက်ဆူပင်ပျိုးများကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၀၆ရက်(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ နဂါးရေလှောင်တမံ
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **'Doraemon'**
၁၂:၂၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၂:၃၀ ၇။ **"အဖြူရောင်မေတ္တာ"** မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင် (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၃:၃၀ ၈။ ဖွံ့ဖြိုးမှုစုံစုံလင်စံပြကျေးရွာ မင်းတိုင်ပင်
၁၃:၄၀ ၉။ အဆိုပြိုင်ပွဲ
၁၃:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၁၀ ၁၁။ ပေါက်တံတား (ရေပြာ) နှင့်ပေါက်တံတား (အုန်းတော)
၁၄:၂၀ ၁၂။ အတီးပြိုင်ပွဲ
၁၄:၃၅ ၁၃။ **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၄၀ ၁၄။ ဝမ်ပုံရေလှောင်တမံ
၁၄:၄၅ ၁၅။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အကပြိုင်ပွဲ
၁၆:၃၅ ၄။ တေးဂီတအစီအစဉ်
၁၆:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၀၀ ၆။ မြင်းခြံခင်သိန်းအေး ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
၁၇:၃၀ ၈။ **"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ၄က်ပျောကျော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၇:၁၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ Discovery
၁၈:၅၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၁၀ ၁၄။ ဖွံ့ဖြိုးစည်ပင်ကာလိစံပြကျေးရွာတစ်ခွင်
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၁၁)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၄၁)

YMBA နှစ်တစ်ရာပြည့်အခမ်းအနားကျင်းပမည့်အချိန်ပြောင်းလဲ

ရန်ကုန် မေ ၅

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ်တစ်ရာပြည့် အခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည့်အစား အချိန်ပြောင်းလဲထားပါ၍ ဖိတ်ကြားစာရရှိပြီးသူအားလုံး အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ အမျိုးသားဓာတ်ရုံကြီးသို့ ထိုနေ့နံနက် ၇ နာရီအရောက် နေရာယူကြပါရန် ပြန်ကြားရေးနှင့် မှတ်တမ်းကော်မတီက ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရက်ဇူဝခရီး လှေဖြင့်ခရီးနှင်သည့် လူစွန့်စား နှစ်ရက်အကြာတွင် လှေမှောက်၍ သေဆုံး

အော့စလို မေ ၅

အသက် (၆၇)နှစ်အရွယ်ရှိ လူစွန့်စားတစ်ဦးသည် နော်ဝေနိုင်ငံ မြောက်အငူမှ နော်ဝေကမ်းခြေသို့ လှေတစ်စင်းဖြင့် လှော်ခတ်ခဲ့ရာ နှစ်ရက်အကြာတွင် လှေအပျက်နှင့်အတူ ၎င်းအား သေဆုံးလျက် နော်ဝေကမ်းခြေစောင့်ရဲတပ်ဖွဲ့က မေ ၂ရက်၌ တွေ့ရှိခဲ့သည်။

အဆိုပါလူစွန့်စားသည် အကာအကွယ်မပါဘဲ မြောက်အငူဝန်းကျင်၌ နာရီများစွာအအေးမိခဲ့နိုင်ကြောင်း၊ ၎င်းသည် အသက်ကယ် အင်္ကျီကိုလည်း ဝတ်ဆင်ထားခြင်းမရှိကြောင်း ကမ်းခြေစောင့်ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်း၏ အမည်မှာ ရစ်ချတ် ဟောင်းဗတ်ဖြစ်ပြီး တနင်္ဂနွေနေ့က မြောက်အငူမှခရီးမိုင် ၁၅၅ ကွာဝေးသော နော်ဝေကမ်းခြေသို့ စွန့်စား၍ လှေတစ်စင်းဖြင့် ထွက်လာခြင်းဖြစ်သည်။

၎င်းသည် အဆိုပါခရီးကို ရက် ၉၀ဖြင့် အရောက်သွားရန် မျှော်လင့်ထားခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

ဟောင်ကောင်ရှိ ချန်ချူဒေသ၌ ရိုးရာပွဲတော်တစ်ရပ်ကျင်းပရာတွင် ဘန်းမျှော်စင်တစ်ခုအတွက် ပြင်ဆင်နေသည်ကို မေ ၄ရက်က တွေ့ရခြင်းဖြစ်သည်။ (ဟောင်ကောင်အခေါ်အရ ဘန်းပွဲတော်ဟု ခေါ်ဆိုပြီး မေ ၅ရက်တွင် အဆိုပါ ဘန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ ဘန်းပွဲတော် ကျင်းပစဉ်အတွင်း ဟောင်ကောင်၌ ဘန်းမျှော်စင်များ နေရာအနှံ့တွင် တွေ့ရမည်ဟု ဆိုသည်။) **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကူးစက်မှုပုံစံ ၁၅၀ နီးပါးရှိ ကျွမ်းကျင်သူများ သတိပေးပြောကြား

စင်ကာပူ မေ ၅

ကြက်ငှက်တုပ်ကွေးရောဂါဖြင့်ပျံ့နှံ့ သေဆုံးခြင်းအပေါ် ကမ္ဘာ့သုံးသပ်ချက်များ လုပ်ဆောင်လျက်ရှိရာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေနိုင်သော ပုံစံ ၁၅၀ နီးပါးရှိကြောင်း သိပ္ပံပညာရှင်များက မေ ၃ ရက်၌ သတိပေးပြောကြားလိုက်သည်။

H_5N_1 ရောဂါပိုးသည် အန္တရာယ်ရှိကြောင်း စင်ကာပူ၌ပြုလုပ်သည့် ကြက်ငှက်တုပ်ကွေးကွန်ဖရင့် ပြင်ပအစည်းအဝေး၌ ဂျပန်ဟိုကိုင်ဒိုးတက္ကသိုလ်မှ ကျွမ်းကျင်သူ ဟီရိုရှီကီဒါက ပြောကြားသည်ကို လင်းဆက်ဆေးဂျာနယ်က ဖော်ပြသည်။

H_5N_1 ကြောင့် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၁၃ ဦးခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ လူကိုခြိမ်းခြောက်နေသော တုပ်ကွေးရောဂါများထဲမှ တစ်ခုဖြစ်ကြောင်း၊ ယင်းခြိမ်းခြောက်နေသော ရောဂါအမျိုးအစားပေါင်း အနည်းဆုံး ၁၄၄မျိုးရှိကြောင်း ကီဒါကပြောကြားသည်။

သတိပေးပြောကြား

မျိုးမတူသောမျိုးဗီဇများသည် ပရိတင်းနှင့် ဗိုင်းရပ်စ်ပေါင်းစပ်လျက် ရောဂါဖြစ်စေနိုင်ကြောင်း ၎င်းကသတိပေးပြောကြားသည်။ မျိုးဗီဇအားလုံးသည် ဘဲများတွင်ရှိကြောင်း၊ သို့ရာတွင် ယင်းတို့၌ မည်သည့် တုပ်ကွေးရောဂါ လက္ခဏာကိုမျှ မတွေ့ရကြောင်း ၎င်းကပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် လူကိုတိုက်ရိုက် ခုန်ကူးနိုင်သော ရောဂါပိုးဖြစ်ကြောင်း၊ ယင်းကိုသေချာစွာ ကြပ်မတ်ခြင်းမရှိလျှင် ကမ္ဘာတွင် လူခန့်မှန်းခြေ သန်း ၅၀ သေဆုံးနိုင်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အိုဇုန်းလွှာလျော့နည်းစေသောဓာတုပစ္စည်း အသုံးကျဆင်းလာ အိုဇုန်းလွှာ ပြန်လည်ဖြစ်တည်လာသည့် လက္ခဏာများတွေ့ရှိ

လန်ဒန် မေ ၅

အိုဇုန်းလွှာလျော့နည်းစေသော ဓာတုဗေဒပစ္စည်းများ အသုံးပြုမှုကျဆင်းလာသော အကျိုးကျေးဇူးကြောင့် အိုဇုန်းလွှာများ ပြန်လည်ဖြစ်တည်လာသည့် လက္ခဏာများတွေ့နေရကြောင်း ဒိန်းမတ်နိုင်ငံ သုတေသနပညာရှင်များက မေ ၃ရက်တွင် ပြောကြားသည်။



စက်ပရေးဘူးများနှင့် အအေးဓာတ်ကိုရစေသော ကိရိယာများတွင် အသုံးပြုသည့် ကလိုရိုဖလူအိုယိုကာဗွန်များမှ ထုတ်လွှတ်သည့် ကလိုရင်းနှင့် ဘရိုမင်းဓာတုဗေဒပစ္စည်းများကြောင့် ကမ္ဘာ့မြေကို အကာအကွယ်ပေးသည့် အိုဇုန်းလွှာများ လျော့နည်းခဲ့ရသည်။

လက်မှတ်ရေးထိုး

ထို့ကြောင့် အိုဇုန်းလွှာလျော့နည်းစေသော ဓာတုဗေဒပစ္စည်းများကို ၁၉၈၇ ခုနှစ် မွန်ထရီရယ်ပရိုတိုကိုလ်သဘောတူညီချက်ဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်။ ယင်းသဘောတူညီချက်ကို ယခုအခါ နိုင်ငံပေါင်း ၁၈၀မှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်သည်။

အိုဇုန်းလွှာလျော့နည်းခြင်းကြောင့် နေ၏ ခရမ်းလွန်ရောင်ခြည်ဖြာကျမှု၏ အကျိုးဆက်သည် လူများအား အရေပြားကင်ဆာ၊ မျက်စိအတွင်းတိမ် ဖြစ်ခြင်းနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းကို ထိခိုက်စေပြီး ပင်လယ်သတ္တဝါများကို သေကျေပျက်စီးစေနိုင်သည်။

တိုးတက်

မိုးလေဝသဌာနများ၏ ဂြိုဟ်တု၊ မြေပြင်စခန်းများမှ ရရှိသည့် အချက်အလက်ကို လေ့လာစမ်းစစ်ချက်အရ အိုဇုန်းလွှာအဆင့်သည် ပြီးခဲ့သော ၁၀နှစ်တာကာလအတွင်းက ပြန်လည်တည်ငြိမ်လာပြီးတဖြည်းဖြည်းတိုးတက်ခဲ့ကြောင်း တွေ့ရသည်။

သို့သော် အပြည့်အဝပြန်လည်ရရှိရန်အတွက် ဆယ်စုနှစ်များစွာ ကွာဝေးနေသေးသည်။

အိုဇုန်းလွှာ ပြန်လည်ဖြစ်တည်လာသည့် လက္ခဏာများကို တွေ့ရှိရသော်လည်း ပြည်သူလူထုအနေဖြင့် ဘေးဥပါဒ်ဖြစ်စေသောနေ၏ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ မိမိကိုယ်မိမိ အကာအကွယ်ပြုကျရန် သဘာဝဂျာနယ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

အဆုတ်နှစ်ခု အစားထိုးခွဲစိတ်ကုသမှု မလေးရှား၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

ကွာလာလမ်ပူ မေ ၅

မလေးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးအောင်မြင်မှုအဖြစ် အဆုတ် နှစ်ခု အစားထိုး ကုသမှုကို ပြုလုပ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက မေ၃ရက်တွင် ဖော်ပြသည်။

အစားထိုးကုသ

အမျိုးသားနှလုံးဌာန(အင်န်အိတ်ချ်အိုင်)က အသက်ရှုလမ်းကြောင်းဆိုင်ရာ ဆေးဌာန (အိုင်အာအမ်)နှင့် ပူးပေါင်း၍ အဆုတ်အစားထိုး ကုသမှုကို ဧပြီ ၂၆ရက်က ပြုလုပ်ခဲ့သည်။

ခွဲစိတ်မှုပြီးစီးခဲ့

ခွဲစိတ်ကုသမှု ခံယူမည့်သူသည် အသက်၃၇နှစ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး နှလုံးနှင့်အဆုတ် အစားထိုးကုသမှုအစီအစဉ်မှ ညွှန်ကြားရေးမှူး မိုဟာမက်ဇာနီ ဦးဆောင်သောအဖွဲ့ဝင် ၂၄ဦးပါ အဖွဲ့က နံနက် ၁နာရီ မိနစ်၃၀တွင် စတင်ခွဲစိတ်မှုပြုလုပ်ကြပြီး နံနက် ၉နာရီ မိနစ်၃၀တွင် ခွဲစိတ်မှု အားလုံး ပြီးစီးခဲ့သည်။

ခွဲစိတ်ပြီးနောက် လူနာအားအထူးကြပ်မတ်ခန်းသို့ ပို့ဆောင်ပေးခဲ့ကာ အနီးကပ်စောင့်ကြည့်နေခဲ့ကြောင်း နယူးစထရိတ်တိုင်းမ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကွန်ပျူတာ ဂိမ်းကစားသူဦးရေ တရုတ်ပြည်၌ ငါးနှစ်အတွင်းနှစ်ဆတိုးဖွယ်



ပေကျင်း မေ ၅

တရုတ်ပြည်တွင် ကွန်ပျူတာဖြင့် တိုက်ရိုက်ဆက်သွယ်ပြီး ဂိမ်းကစားသူ ဦးရေမှာ လာမည့်ငါးနှစ်တွင် ယခုနှစ်ထက် နှစ်ဆတိုးလာလိမ့်မည်ဟု ဆန်းစစ်လေ့လာသူများက ပြောကြားသည်။

ဖော်ပြ

၂၀၀၅ ခုနှစ်အတွင်း ဂိမ်းကစားသူ ၂၅ ဒသမ ၅သန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၆၁သန်းအထိ ရှိလာမည်ဖြစ်ကြောင်း အမေရိကန် သုတေသနလုပ်ငန်း အင်စတက်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အားပေး

ထိုဈေးကွက်၏ ၈၀ ရာခိုင်နှုန်းကို တရုတ်ကုမ္ပဏီသုံးခုက စိုးမိုးထားပြီး ဤလုပ်ငန်းကိုတရုတ်အစိုးရက ယေဘုယျ အားပေးလျက်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

နီပေါဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို

နီပေါ ဝန်ကြီးချုပ်သစ် ဂျီရီဂျာပရာဆက်ကိုရာလာ။

ခတ္တမန္ဒူ မေ ၅

နီပေါ ကွန်ဂရက် ခေါင်းဆောင် ဂျီရီဂျာပရာဆက်ကိုရာလာသည် ဘုရင် ဂျာနင်ဒရာရှေ့မှောက်၌ နီပေါဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

အဆိုပါ ကျမ်းကျိန်ပွဲကို ဧပြီ ၃၀ ရက်က ဘုရင့်နန်းတော်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းဝန်ကြီးချုပ်သစ်သည် အသက်(၈၄)နှစ်ရှိကြောင်း သိရသည်။

(ပီတီအိုင်)

ကမ္ဘာ့ဖလား အကြို ဘောလုံး

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ကြိုဆိုသည့်အနေဖြင့် ဟောင်ကောင်တွင် ခုနစ်ပေအမြင့် ရှိသော ဘောလုံးကြီးတစ်လုံး ပြသထားသည်ကို မေ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နယူးယောက်၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ

နယူးယောက် မေ ၅

ထောင်ပေါင်းများစွာသော ပြည်သူများသည် နယူးယောက်မြို့ လမ်းများပေါ်တွင် စစ်ဆန့်ကျင်ရေးသီချင်းများနှင့် ကြွေးကြော်သံများသီဆို၍ ချီတက်ကာ စစ်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြသည်။

တောင်းဆိုခဲ့ကြ

အဆိုပါ ဆန္ဒပြပွဲတွင် နိုင်ငံရေးသမားများ၊ အလုပ်သမားခေါင်းဆောင်များ ပါဝင်ပြီး ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ဒီမိုကရေစီရေးတို့အတွက် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး၊ အီရန်နျူကလီးယားကိစ္စအပေါ်တိုက်ခိုက်မည်ကို ဆန့်ကျင်ရေးနှင့် တရားမဝင်လာရောက်နေထိုင်သူများနှင့် အမျိုးသမီးများပါဝင်သော အခွင့်အရေးများကို ထောက်ပံ့မှုပေးရေးတို့အတွက် တောင်းဆိုခဲ့ကြသည်။

သဝဏ်လွှာပို့ခဲ့

ဧပြီ ၂၉ရက်က အဆိုပါ ဆန္ဒပြမှုသည် အင်အား များပြားလှပြီး ဘုရှ်၏ အုပ်ချုပ်ရေး ရဲတပ်ဖွဲ့များကို သွေးဖည်ဆန့်ကျင်ခဲ့ကာ ဝါရှင်တန်တွင် ပြုပြင်ပြောင်းလဲမှုလုပ်ရန်လည်း သဝဏ်လွှာပို့ခဲ့သည်ဟု ဆိုသည်။

ယခုဆန္ဒပြမှုတွင် မန်ဟက်တန်တွင် ပြခဲ့သော လူ ၃၅၀၀၀၀ထက်ပိုများကြောင်း၊ ရဲတပ်ဖွဲ့များအနေဖြင့် ပိတ်ဆို့ထားမှုများကြောင့် ချီတက်ဆန္ဒပြသူအရေအတွက်ကို ခန့်မှန်းနိုင်ခြင်းမရှိခဲ့ဟု ဆိုသည်။

ဆန့်ကျင်ခဲ့ကြ

ဆန္ဒပြသူများက စစ်ဆန့်ကျင်ရေးစာတန်းများ၊ တီရှပ်များ ဝတ်ဆင်လျက် စစ်ဆန့်ကျင်ရေး ကြွေးကြော်မှုများနှင့် ဘုရှ်၏မူဝါဒများကို ဆန့်ကျင်ခဲ့ကြကြောင်း သိရသည်။

(ပီတီအိုင်)

ဂျာဗားအလယ်ပိုင်း၌ ဗုံးများဖမ်းဆီးရမိ

ဂျကာတာ မေ ၅

ဂျာဗားပြည်နယ်အလယ်ပိုင်း၌ ဧပြီ ၂၉ရက်က စစ်သွေးကြွတစ်ဦးအား ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေပြီးနောက် ဘာလီ ဗုံးပေါက်ကွဲမှုတွင် အသုံးပြုခဲ့သောဗုံးများကဲ့သို့ လက်လုပ်ဗုံးများကို အင်ဒိုနီးရှား ရဲတပ်ဖွဲ့က မေ၁ရက်၌ ရှာဖွေတွေ့ရှိခဲ့သည်။

တွေ့ရှိ

ယင်းဗုံးများကို ဂျကာတာမြို့ အရှေ့ဘက် ကီလိုမီတာ ၃၅၀အကွာ ဂျာဗားအလယ်ပိုင်း တီမန်ဂန်မြို့ရှိ သိုလှောင်ရုံတစ်ခု၌ တွေ့ရှိရခြင်း ဖြစ်သည်။

ဖမ်းဆီးခဲ့

အဆိုပါဗုံးများသည် ဝါနိုဆိုဘိုမြို့၌ သံသယရှိသူနှစ်ဦးအား ဖမ်းဆီးခဲ့ရာမှ တွေ့ရှိရခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးချုပ် အန်တွန်ဘက် ရှုလ်အလန်က ပြောကြားသည်။

ယင်းဗုံးများသည် ၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်က ဘာလီကျွန်း၌ ပေါက်ကွဲခဲ့သော ဗုံးများနှင့် တူကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဘောလုံးပွဲပန်းချီကား

ကြွေပြားများပေါ်တွင် ပုံဖော်ထားသည့် ကမ္ဘာ့အကြီးဆုံး ဘောလုံးပွဲပန်းချီကားကို တွေ့ရစဉ်။ (အောက်ပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မာတင်ကတ်ခ်ဆိုသူ အနုပညာရှင်တစ်ဦးသည် အတိုင်းအထွာ ၂၂၂၈ စတုရန်းပေရှိ ပန်းချီကားကြီးကို ကြွေပြားပေါင်း ၃၈၄ ချပ်ပေါ်တွင် နှစ်နှစ်ကျော်ကြာအောင် ဖန်တီးပြုလုပ်ခဲ့ရသည်။ ယင်းပန်းချီကားသည် ကမ္ဘာတွင် အကြီးဆုံးဘောလုံးပွဲ ပန်းချီကားဖြစ်လာလိမ့်မည်ဟု ၎င်းက အခိုင်အမာပြောကြားသည်။

(အင်တာနက်)



ကြိုးတန်းပေါ်တွင် ကားမောင်းပြသူ

သံမဏိကြိုးတန်းပေါ်တွင် ကားမောင်းပြနေသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရန်စီရေကန်ပေါ်တွင် ဖြတ်၍ သွယ်ထားသော သံမဏိကြိုးတန်းပေါ်တွင် ဂင်းနက်စ် မှတ်တမ်းတင်ခြင်းခံရပြီးဖြစ်သော ယန်စင်ဒေါင်းဆိုသူက သံမဏိကြိုးပေါ်တွင် မီတာ ၆၀ အထိ ဧည့်ပရိသတ်များကို ကားမောင်းနှင့် ပြသခဲ့သည်။

(အင်တာနက်)

ခရမ်းချဉ်သီး၌ပါဝင်သောဓာတ်ပစ္စည်းများ နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

လန်ဒန် မေ ၅

ချက်ပြုတ်ထားသော ခရမ်းချဉ်သီးတွင်ပါဝင်သော ဓာတ်ပစ္စည်းများသည် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း သိပ္ပံသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်ဟု လန်ဒန်သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးရောဂါကာကွယ်နိုင်

ခရမ်းချဉ်သီးတွင် ပါဝင်သောပစ္စည်းများသည် နှလုံးရောဂါအများအပြားကို ကာကွယ်ပေးနိုင်ပြီး ကျန်းမာရေးသိသိသာသာ ကောင်းမွန်စေနိုင်ကြောင်း အင်္ဂလန်နိုင်ငံ လီဗာပူးမြို့မှ သုတေသနပညာရှင်များက ပြောကြားသည်။

ခရမ်းချဉ်သီးမှ ထွက်ရှိသော အဆီသည် နှလုံးရောဂါများကို တိုက်ဖျက်ရာတွင် အဓိကအသုံးဝင်ပြီး ကိုယ်ခန္ဓာသန့်စွမ်း ကျန်းမာရေးအတွက် အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

အန္တရာယ်အကြီးမားဆုံး

အင်္ဂလန်နိုင်ငံတွင် နှလုံးရောဂါသည် လူအများဆုံး သေဆုံးသည့်အန္တရာယ်အကြီးမားဆုံး ရောဂါတစ်ခုဖြစ်ပြီး အင်္ဂလန်နိုင်ငံ၌ နှစ်စဉ်သုံးဦးလျှင် တစ်ဦးသေဆုံးနေရလျက်ရှိရာ စိုးရိမ်ဖွယ်ရာနှုန်းထားပင်ဖြစ်သည်။

ယခုအခါ အင်္ဂလန်နိုင်ငံတွင် နှလုံးရောဂါနှင့်ပတ်သက်၍ သုတေသနပြုရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်း အရင်းအနှီးပြုလုပ်၍ ဆောင်ရွက်နေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တနင်္သာရီတိုင်း မြိတ်မြို့ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်း အမှတ်(၆၉) နေ ဦးချင်စွီး-(ဒေါ်ရှုကြူ)မိသားစုက ဧပြီ ၂၇ ရက်က လေးလပြည့် အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၂၇သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် ဟောကြားမည်

ရန်ကုန် မေ ၅

၁၃၆၈ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၁၁ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ အမှူးပြုသော ဆရာတော် ငါးပါးတို့က ကဆုန်လပြည့်(ဗုဒ္ဓနေ့)တရားတော်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာတရားတော်များကို အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဂွမြို့နယ် ကျိန္တလီမြို့ လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတက်ရောက်

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သစ်တောဦးစီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ဂွမြို့သို့ သွားရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော ဂွမြို့နယ် လေဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက လေဘေးသင့် တွေ့ကြုံရမှုအခြေအနေများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနအလိုက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က အလှူငွေများနှင့် ပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဆန်ကုန်သည်ကြီးများအသင်း နာယကဦးငြိမ်းနှင့် ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က လှူဒါန်းသော ဆန်အိတ် ၃၀၀၊ ဆီကုန်သည်ကြီးများအသင်းက လှူဒါန်းသော စားအုန်းဆီ ပီပါ ၁၀လုံး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လှူဒါန်းသော ယမ်ယမ်ခေါက်ဆွဲ၊ ပရီးမီးယားကော် ဖီမစ်၊ ဖူဂျီဆပ်ပြာ၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ သစ်လုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များအသင်းတို့က လှူဒါန်းသောပစ္စည်းများနှင့် ငွေများကို အလှူရှင်၊စေတနာရှင်များက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကအသီးသီးလက်ခံကြသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ကျိန္တလီမြို့သို့ ဆက်လက်သွားရောက်၍ ကျိန္တလီမြို့ရှိ ရွှေကိန္နရီခန်းမ၌ လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ် လှူဒါန်းပွဲသို့ တက်ရောက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်သတင်းရရှိမှု၊ သတင်းဖြန့်ဝေပေးမှု အခြေအနေနှင့် ကြိုတင်စီမံဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျိန္တလီမြို့လေဘေးသင့် အိမ်ထောင်စုများအတွက် အလှူငွေကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းပြီး ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းရှင်များက အလှူငွေနှင့် ပစ္စည်းများကို ဆက်လက် လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံကြသည်။

ကျပ် ၄၀၅သိန်းဖိုး

ရခိုင်ပြည်နယ် ဂွမြို့နယ်လေဘေးသင့်အိမ်ထောင်စုများအတွက် လှူဒါန်းငွေ၊ ဆန်၊ ဆီ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၄၀၅သိန်း ဖိုးခန့်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒများနှင့်စပ်လျဉ်း၍ဟောပြောပို့ချ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်လျက်ရှိသော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၂၄)မှ သင်တန်းသား ၈၀ တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောပို့ချကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သမုဒ္ဒရာရေနက်ပိုင်းတွင် ထူးဆန်းသော ငါးမျိုးစိတ်သစ်များတွေ့ရှိ

အတ္တလန်တိတ် သမုဒ္ဒရာ၏ ရေနက်ပိုင်းတွင်တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဘူးသည့် ရေပျော်သတ္တဝါတို့၏ မျိုးစိတ်အသစ်များကို သီတင်းသုံးပတ်အကြာ လေ့လာသုတေသနပြုချက်အရ ရှာဖွေတွေ့ရှိခဲ့ကြကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမျိုးအစား

သမုဒ္ဒရာရေနက်ပိုင်းတွင် အလွန်ထူးဆန်းသော ငါးမျိုးများ၊ အလွန်သေးငယ်သော ပုစွန်မျိုးစိတ်အသစ်များ၊ ခန္ဓာကိုယ်ပုံသဏ္ဍာန်ထူးခြားသော ငါးများစသည့် အမျိုးအစားပေါင်းများစွာ တွေ့ရှိခဲ့ကြသည်ဟု သုတေသန ပညာရှင်များက ဆိုသည်။ (အောက်ပုံ)

သုံးသပ်

သမုဒ္ဒရာရေအောက် မြေပုံအရ သုတေသန ပညာရှင်များ အလွန်သေးငယ်သော ရေပျော်သတ္တဝါတို့ကိုပါ ဖမ်းယူနိုင်သည့် ငါးဖမ်းပိုက်များကို အသုံးပြုပြီး လက်တွေ့ဖမ်းယူ သုတေသနပြုခဲ့ခြင်းဖြစ်သည်။သုတေသနပညာရှင်များအနေဖြင့် သမုဒ္ဒရာ ရေနက်ပိုင်းတွင် ငါးမျိုးစိတ်အသစ်များနှင့် အခြားရေပျော်သတ္တဝါမျိုးစိတ်အသစ် အများအပြား ယခုကဲ့သို့ တွေ့ရှိရခြင်းသည် ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်သည်ဟု သုံးသပ်လျက်ရှိသည်။

သုတေသနပညာရှင်များ အနေဖြင့် ပင်လယ်သမုဒ္ဒရာအောက် မီတာ ၁၀၀၀မှ မီတာ၅၀၀၀အထိ အနက်တွင် လေ့လာခဲ့ရာ ဦးခေါင်းသည် နဂါးတစ်ကောင်၏ ဦးခေါင်းနှင့်တူသော ငါးမျိုးစိတ်များ၊ စူးရှတောက်ပြောင်သော အလင်းတန်းများ ဖြာထွက်နေသော ကိုယ်ခန္ဓာရှိသည့် ငါးမျိုးစိတ်များ၊ ကိုယ်ခန္ဓာတစ်ခုလုံး ကျောက်ကျောတုံးတစ်တုံးကဲ့သို့ ပျော့အိနူးညံ့နေသော ငါးများနှင့် အခြားထူးဆန်းဖွယ်ရာ ငါးမျိုးစိတ်များကို တွေ့ရှိခဲ့ကြရသည်။

၎င်းရေပျော်သတ္တဝါမျိုးစိတ်အသစ်များသည် သမုဒ္ဒရာအောက် အလွန်နက်သော နေရာနှင့် အလွန်အေးသော နေရာများတွင် အသက်ရှင်နေထိုင်နိုင်ကြကာ လှုပ်ရှားသွားလာမှုလည်း အလွန်လျင်မြန်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆက်စပ်မှုရှိနိုင်

အဆိုပါ ရေပျော်သတ္တဝါမျိုးစိတ်သစ်များကို အိန္ဒိယသမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာနှင့်အတ္တလန်တိတ် သမုဒ္ဒရာတို့တွင် တွေ့ရှိခဲ့ရခြင်းဖြစ်ရာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်မှုရှိနိုင်ကြောင်းလည်း သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။ (ကိုးကား-အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

နွေဦးရာသီ၌မွေးဖွားသူ ကလေးငယ်များ စိတ်ကျ ရောဂါ ပိုမိုဖြစ်ပွားနိုင်ဟုဆို

နွေဦးရာသီတွင် မွေးဖွားသော ကလေးငယ်များသည် အခြားအချိန်ကာလများ၌ မွေးဖွားသောကလေးငယ်များထက် အသက်အရွယ်ကြီးရင့်လာသည့်အခါ မိမိကိုယ်မိမိ သတ်သေမှု ပိုမိုများပြားတတ်ကြောင်း အင်္ဂလန်နိုင်ငံရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဆန်းစစ်ချက်

အင်္ဂလန်နှင့် ဝေးလ်စ်တို့တွင် ဧပြီ၊ မေ သို့မဟုတ် ဇွန်လများ၌မွေးဖွားသောကလေးငယ်များအနေဖြင့် မိမိကိုယ်မိမိသတ်သေမှု ၂၆၉၁၆မှုတွင် ၁၇ရာခိုင်နှုန်းအထိပါဝင်နေကြောင်း ၎င်းနှုန်းထားမှာ များပြားလွန်းကြောင်း လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထားသည်။

သုတေသနပြုချက်အရ အဆိုပါလများ၌ မွေးဖွားသော ကလေးငယ်များသည် အရွယ်ရောက်လာသည့်အခါ အခြားသူများထက် အရက်စွဲခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းနှင့် ကယောင်ချောက်ချားဖြစ်ခြင်းတို့ ပိုမိုဖြစ်ပေါ်လေ့ရှိကြောင်းလည်း ဖော်ပြထားသည်။

ဆက်စပ်နေ

ယခုတွေ့ရှိရသော သုတေသနပြုချက်ကို ဗြိတိသျှစိတ်ပိုင်းဆိုင်ရာ ဂျာနယ်တစ်စောင်တွင် ဖော်ပြထားပြီး မကြာမီက ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အချို့သောလများ၌ မွေးဖွားသူတို့သည်လည်း အကြမ်းအားဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် ဦးနှောက်အကျိတ်ရောဂါတို့ ဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဒီဇင်ဘာလတွင် မွေးဖွားသူများသည် အများအားဖြင့် အယ်ဇိုင်းမားရောဂါ၊ ဦးနှောက်ရောဂါနှင့် စိတ်ကစဉ့်ကလျားရောဂါတို့ အခြားသူများထက် စာလျှင် ပိုမိုဖြစ်တတ်ကြောင်း သုတေသနပညာရှင်များက ပြောသည်။

ကောက်ယူခဲ့

အင်္ဂလန်တွင်ဖြစ်ပွားသော လူနာများအား စစ်တမ်းကောက်ယူရာ၌ ၁၉၇၉ခုနှစ်မှ ၂၀၀၁ခုနှစ်အတွင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ခုနှစ်မှ ယခုအချိန်အထိ စနစ်တကျကောက်ယူခဲ့ခြင်းဖြစ်ရာ ဆက်စပ်မှုရှိကြောင်း သုတေသနပညာရှင်များက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။ (ကိုးကား-အင်တာနက်)

ဆူးလေစေတီတော် သက်ကြီးပူဇော်ပွဲ

ရန်ကုန် မေ ၅

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်နှင့် လမ်းမတော်မြို့နယ်များရှိ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို မေ ၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီ ဗုဒ္ဓဝင်ပြခန်း အတွက် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်၃၅၀/ ၃၅၄ အခန်း ၆နေ ဦးနေလင်း- ဒေါ်ဝင်းဝင်းရည်မိသားစုက အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်) တို့ထံ ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ကိရိယာများနှင့် ဆေးဝါးပစ္စည်းများကို ခရိုင်ဆရာဝန်ကြီးကိုယ်စား ဒေါက်တာခင်မောင်လေးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

** ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက အခွန်အရပ်ရပ် ကောက်ခံရရှိမှု၊ အများဆုံးပို့ကုန်၊ သွင်းကုန်ပစ္စည်းများ ပို့ကုန်အမယ်သစ်တင်ပို့နိုင်မှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်အပေါ် သစ္စာရှိပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန် မိမိနိုင်ငံတော်အပေါ် အထင်အမြင်သေးစေမည့် ကိစ္စရပ်များကို မလုပ်ဆောင်ကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တမူးမြို့ စော်ဘွားအင်း (၅)ရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပျိုးထောင်ထားရှိသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးခြံကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမ်းပတ်မြို့နယ် ကနန်စံပြကျေးရွာ၌ ကျင်းပသည့် ကျေးရွာ ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေး–တမူးကားလမ်းနှင့် မော်လိုက်–ပြောင်ဘုတ်–စော်ဘွားရေရှင် လမ်းဆုံ၌ ရော်ဘာပင်များ စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရန်မျိုးအောင်ကျေးရွာ လမ်းဆုံမှ မော်လိုက် – ပြောင်ဘုတ် – စော်ဘွားရေရှင်လမ်းအတိုင်း လမ်း၊ တံတားများဖောက်လုပ်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လက်ဆေးကန် တောရကျောင်းတိုက်ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက နဝကမ္မ စုပေါင်းလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးစိန်ရက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၇)ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထပ်ဆင့် မိုက်ခရိုဝေ့ဖ်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံဝန်ထမ်းများအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ မော်လိုက်ခရိုင်နှင့် မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်လိုက်မြို့နယ် ကြာအင်းကျေးရွာ ရေကာတာရိုက်ရန် ငွေကျပ်သုံးသိန်း၊ မော်လိုက် အခြေခံပညာအထက်တန်းကျောင်းသို့ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ပန်းဖွားအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

စီးပွားဖြစ်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ မော်လိုက်ခရိုင်ရှိ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ပြည်သူများသည် ရေလမ်းကိုသာ အားကိုးအသုံးပြုခဲ့ကြရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မော်လိုက်– ကလေးဝကားလမ်းကိုဖောက်လုပ်၍ ကလေးဝ–မော်လိုက်အကြား ချင်းတွင်းမြစ်ဘေးကျေးရွာများကို ရေလမ်းတစ်ခုကိုသာ အားကိုးနေရခြင်းမှ မော်တော်ယာဉ်ခရီးဖြင့် အချိန်မရွေးသွားလာနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တွင် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည့်အပြင် ဒေသနှင့် ကိုက်ညီသည့် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးသွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အဖွဲ့ဝင်များနှင့်အတူ မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာသင်ကြားရေး အထောက်အကူပြုစာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အဖွဲ့ဝင်များနှင့်အတူ မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းဌာန၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ကုသခန်းနှင့် လူနာဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြန်လည်ပေးအပ်လှူဒါန်း

ထို့နောက် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် အောက်ဆီဂျင်အားဖြည့်စက်နှင့် သွားစိုက်ခုံအတွက် အလှူရှင် ကိုးဦးတို့က လှူဒါန်းငွေကျပ် ၁၉သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံပြီး ဆေးရုံအတွက် ခွဲစိတ်ကိရိယာများနှင့် ဆေးဝါးပစ္စည်းများကို ခရိုင်ဆရာဝန်ကြီးကိုယ်စား ဒေါက်တာခင်မောင်လေးအား ပြန်လည်ပေးအပ် လှူဒါန်းလိုက်သည်။ **(သတင်းစဉ်)**

ကျုံမငေးမြို့ စက်ရုံခမ္မရိပ်သာကျောင်း ဆွမ်းပဒေသာပင်အတွက် Saw Family International Co.,Ltd.မှ ဦးစောကြိုင်–ဒေါ်ကြင်ဌေး သားသမီး မြေးတစ်စုက ဦးစောကြိုင်–ဒေါ်ကြင်ဌေးတို့၏ (၃၉)နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ်အဖြစ် ငွေ၁၁၁၁၂၃ကျပ်ကို ဘဒ္ဒန္တသုမနထံ မေဂရက်က လှူဒါန်းရာ ဆရာတော်ကိုယ်စား ကပ္ပိယဇာရက ဦးဖိုးကင်း (ပညာရေး)က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်သည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ စစ်ရေးပြမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြကွင်းအတွင်း နေရာယူ၍ ဒုတိယဝန်ကြီးအား တန်းကိုအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နှင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများကို ဆောင်ရွက်ပြီး ပထမပိုင်း စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ဌာနချုပ် သီတာခန်းမ၌ကျင်းပရာ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြဝတီစစ်ကြောင်း၌ ပါဝင်ချီတက်ခဲ့သော မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲမှ ရရှိခဲ့သော စံပြဒုတိယဒိုင်းဆုကို ညွှန်ကြားရေးမှူးချုပ်ထံ တပ်ခွဲမှူးက အပ်နှံသည်။

စံပြဒုတိယဒိုင်းဆုအပ်နှံ

ထို့နောက် နှစ်(၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မီးသတ်တပ်ဖွဲ့အတွက် ဂျပန်နိုင်ငံ အိုဆာကာမြို့တော်ဝန်ရုံးမှ လှူဒါန်းသော လှေကားတင်မီးသတ်ယာဉ်ကို မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းသို့အရောက် သယ်ယူပို့ဆောင်ခြင်းအတွက် ကုန်ကျစရိတ် မြန်မာငွေကျပ် ၂၆၅ သိန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၃၃၀၀ ကို လှူဒါန်းသော ထူးအုပ်စုကုမ္ပဏီများ ဥက္ကဋ္ဌ ဦးတေဇ ကိုယ်စား ဒါရိုက်တာ ဒေါ်ခင်အေးသစ်ကလည်းကောင်း၊ သီရိသုခမ္မမဏိဇောတရေ ဦးစိုးသိန်းနှင့် ဇနီး ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး) ခနအောင် ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ ဦးယဉ်ထွေးသက် (Reliance Fire System Services Co., Ltd.)က ငွေကျပ် ၅သိန်း၊ ဒေါ်စန်းစန်းရီ (Europe Containes Myanmar)က ငွေကျပ် ၃သိန်း၊ ဦးတင်မောင် စန္ဒီပရဆေးက ငွေကျပ် ၂၅၉၀၀၀၊ ဦးအေးသန့် (Prime Boss Co., Ltd.)က ငွေကျပ် နှစ်သိန်း၊ ဦးဇော်ဝင်း (Best Supporting Services Co., Ltd.)က ငွေကျပ် တစ်သိန်း၊ ဦးဇော်ဝိတ် မန်နေဂျင်းဒါရိုက်တာ (FISCA Co., Ltd.) က ငွေကျပ် နှစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ခံသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်ရရှိခဲ့သော ရဲသူရတံဆိပ်ရရှိသူ တစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူတစ်ဦး၊ ရဲသူရိန်တံဆိပ်ရရှိသူ တစ်ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ တစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလဦးကိုကိုလှိုင်က လူမှုထူးချွန်တံဆိပ်ရရှိသူ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ၊ မီးသတ်ယာဉ်ထုတ်လုပ်ရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၊ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု သတင်းဆောင်းပါး ရေးသားသူနှင့် ဓာတ်ပုံမှတ်တမ်းတင်သူ၊ ပြင်ပသင်တန်းများတွင် ဆုရရှိခဲ့သော တပ်ဖွဲ့ဝင်များ၊ ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုရာတွင် ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးဇော်မင်းနှင့် ဒုတိယညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း) ရဲကျော်စွာ ဦးအောင်ကျော်မြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆုရရှိသူများကို ဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်မှတ်များနှင့် ဒိုင်းဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မီးလောင်မှုတွင် စွမ်းစွမ်းတမံ အသက်စွန့် ဆောင်ရွက်ခဲ့ပြီး ကျဆုံးခဲ့သော ရဲသူရအုန်းမြင့် (ကိုယ်စား) ဖခင် ဦးထွန်းလွင်အား သီရိသုခမ္မမဏိဇောတရေ ဦးစိုးသိန်းနှင့်ဇနီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း (ရှေ့နေချုပ်ရုံး)တို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကို ပေးအပ်ပြီးနောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မေ ၃ရက်က ထိုင်းနိုင်ငံ Toptech Millennium Company Limited. ၏ ဖိတ်ကြားချက်အရ Graphics Art (Imagesetter) နှင့် ရောင်စုံပုံနှိပ်လုပ်ငန်းများ သွားရောက်လေ့လာမည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ Computer/Graphics ပုံနှိပ်ကျွမ်းကျင်သူ ငါးဦးနှင့် Toptech Millennium Co., ဌာနေကိုယ်စားလှယ်တို့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် ဝန်ထမ်းတစ်ဦးလျှင် တစ်ဧကစိုက်မည်

ရန်ကုန် မေ ၅

လှိုင်လင်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၏ မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဧပြီ ၂၉ရက်က လှိုင်လင်မြို့ လှိုင်လင်ပင်လုံကားလမ်းအနီး နောင်ဟူးကျေးရွာ ကြက်ဆူစိုက်ခင်းတွင် နံနက်၇နာရီက ကျင်းပသည်။

စိုက်ပျိုးပွဲအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်က ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများစိုက်ကွက်အလိုက်တပျော်တပါးစိုက်ပျိုးနေသည်ကို ကြည့်ရှုအားပေးသည်။

လှိုင်လင်ခရိုင် လှိုင်လင်မြို့တွင် ယခုနှစ်မိုးရာသီ၌ ဝန်ထမ်းတစ်ဦးလျှင် ခြံစည်းရိုးကြက်ဆူပင်တစ်ဧကစိုက်ပျိုးကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လမ်းဘေးဝဲယာ ဆီအုန်းစိုက်ခင်းများစစ်ဆေး သီးညှပ်စပါးနှင့်ကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး မိုးမကျမီ တံတားနှင့်လမ်းများကောင်းမွန်ရေး ဂရုပြုဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၅

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ၂ရက် နံနက်၇နာရီတွင် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့ ဓမ္မဝိဇယကျောင်းတိုက်အတွင်း၌ ကျင်းပသည့် ပရိယတ္တိစာသင်တိုက်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း၊ ကော့သောင်းခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ကော့သောင်း ခရိုင်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်နှင့် ဒေဝါဝင်း ၊ ရာဇာဝင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မောင် မောင်ဆွေနှင့် ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်တို့က ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပရိယတ္တိ စာသင်တိုက် နဖူးစည်းဆိုင်းဘုတ်နှင့် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်တို့က ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးကြသည်။

ဆက်လက်၍ အစီအစဉ်များကို ကျောင်းဆောင်သစ် ပထမထပ်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တနင်္သာရီမြို့ မြို့နယ်ခန်းမတည် ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး ကျောင်းတိုက်ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ ရေစက်ချ တရားနာကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓမ္မဝိဇယပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၁၀၊ အနံပေ ၃၀၊ အမြင့် ၂၃ပေရှိပြီး နှစ်ထပ် RC ကွန်ကရစ်အဆောက်အအုံဖြစ်သည်။

ကြိုတင်ဆောင်ရွက်

ထိုမှတဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့မှ ဘုတ်ပြင်း-ပြည်ကြီးမဏ္ဍိုင် ကားလမ်းအတိုင်း လမ်းတစ် လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြပြီး ကော့သောင်း-မြိတ် ကားလမ်းမိုင်တိုင် ၁၄၇/၃နှင့် ၁၄၇/၄ကြားရှိ ချောင်းလမိုင်း တံတားလမ်းတိုးချဲ့ရေး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး မိုးမကျမီ လမ်းပိုင်း ပေါ်ရှိ တံတားများကောင်းမွန်စေရန် ဆောင်ရွက်ထားရှိရေး၊ လမ်းပေါက် များရှိပါက ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ဘုတ်ပြင်း-ပြည်ကြီးမဏ္ဍိုင် ကားလမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ လမ်းဘေးဝဲယာဆီအုန်းစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက်၁၀နာရီတွင် ပြည်ကြီးမဏ္ဍိုင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အမျိုးသားလူနာဆောင်၊ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးစတို ခန်းနှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ခံဆရာဝန် ဒေါက်တာအေးပြည့်စုံက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့က ဆေးဝါး ကုသမှုခံယူနေသော လူနာများအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်ကြီးမဏ္ဍိုင်မြို့ အဝင် တံတားပြုပြင်ရန်အတွက် မတည်အလှူငွေကျပ် ၁၀သိန်းပေးအပ်ရာ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်း ဝင်းက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့မှ ဘုတ်ပြင်း-တနင်္သာရီလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်(၈၇/၃)နှင့်(၈၇/၄) ကြားရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းသို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ဘုတ်ပြင်း- တနင်္သာရီကားလမ်းပိုင်း၉၆မိုင် ၅ဖာလုံကို အပိုင်းသုံးပိုင်းခွဲ၍ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းပေါ်ရှိ လမ်းတံတားများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသော အင်ဂျင်နီယာမှူးများက ဖြည့်စွက်ရှင်း လင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက လမ်းပိုင်းလုံခြုံ ချောမွေ့စေရေးနှင့်ပြုပြင်ရန်လိုအပ်နေသော လမ်းပိုင်းများသို့ စက်ယန္တရား များ ရွှေ့ပြောင်းဆောင်ရွက်ရေးတို့ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး မိုးတွင်းကာလလမ်းပန်းဆက်သွယ်ရေးကို အထူးဂရုပြု ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ် ချောင်းနောက်ပြန်ဒေသရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာဦးသန်းမောင်က စီမံကိန်းဧရိယာအတွင်း ယခုနှစ်၌ ဧက၈၀၀တိုးချဲ့ စိုက်ပျိုးသွားမည့်အစီအစဉ် သီးညှပ်အဖြစ်တောင်ယာစပါးနှင့် ကြက်ဆူဧက ၉ဧက စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့က လမ်းဘေး ဝဲယာများတွင် ဦးစွာစိုက်ပျိုးကြရေး သီးညှပ်စပါးတိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထူးထရေးဒင်းကုမ္ပဏီလီမိတက်သည် တနင်္သာရီမြို့နယ်အတွင်း၌၂၀၀၅- ၂၀၀၆ခုနှစ်တွင် ဆီအုန်းဧက ၁၀၅၀ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ယခုနှစ်တွင် ဧက၈၀၀ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင် ဆွေတို့သည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစခန်း အတွင်း ဆီအုန်းနှင့်ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက် ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုနှစ်တွင် သတ်မှတ်ဧကရရှိရန် တိုးချဲ့စိုက်ပျိုးသွားကြရေးမှာကြားပြီး ဆီအုန်းသီးခိုင်များထွက်ရှိမှု အောင်မြင် ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုကြသည်။

စိုက်ပျိုးပြီးစီး

အဆိုပါ ကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစခန်းတွင် ယခုအခါ ဆီအုန်းဧက၆၁၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် မော်တော်ယာဉ်များဖြင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ညနေ၃နာရီတွင် တနင်္သာရီမြို့သို့ရောက်ရှိကာ တနင်္သာရီမြို့ မြို့နယ်ခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြပြီး ခန်းမတည် ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြစ်ကူး တနင်္သာရီတံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲ

ရန်ကုန် မေ ၅

ကဆုန်လပြည့်နေ့သည် ဗျာဒိတ် တော်ခံ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓ မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ မြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုး ကိုးကွယ်ထားသည့် ဗောဓိပင်အား ညောင်ရေသွန်းပူဇော်နိုင်ရန် ကဆုန် ညောင်ရေသွန်းပွဲတော်ကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့ (မေ၁၁ရက်) ကြာသပတေးနေ့တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးပွရောဂါအကြောင်း မေးမြန်းခန်း)
၇း၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၇း၅၅	eBooks(၃)နှစ်ပြည့်အခမ်းအနား
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဇော်ပိုင်နှင့် သူ၏အနုပညာခရီး
၉း၃၅	မိုးလေဝသခန့်မှန်းချက်
၉း၄၀	Business Talk (မောင်ဆုရှင်၊ ကျော်ဇော်နိုင်၊ မျိုးမြတ်သူ)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	သွန်းလောင်းသံနည်းပညာ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	၂၀၀၅ပန်းချီပန်းပု ကျောင်းဆင်းပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

■ ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနား မှတ်တမ်းတင် ဓာတ်ပုံများ၊ ပျိုးပင်နမူနာများ၊ ပျိုးပင်သုံးဆေးရည်များ၊ မျိုးစေ့နမူနာများနှင့် မျိုးကိုင်းကူး ပျိုးပင် နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်များကို လူမှုရေးအသင်းအဖွဲ့ဝင်များအား ဝေငှပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်ကို စတင်၍ စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးသည်။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုး

တနင်္သာရီတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြိတ်ခရိုင်၌ ၁၈၁ ဒသမ ၄၆ဧက၊ ထားဝယ်ခရိုင်၌ ၃၃၇ဒသမ ၉၆ဧက၊ ကော့သောင်းခရိုင်၌ ၁၁၉ဒသမ၃၃ဧက စုစုပေါင်း ၆၃၈ဒသမ ၇၅ဧက စိုက်ပျိုးပြီးစီးခဲ့ပြီ ဖြစ်သည်။

ယင်းနောက် မြိတ်လေဆိပ်ဝင်းအတွင်းရှိယာယီမဏ္ဍပ်၌ တက်ရောက်လာကြသူများအား ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကအမှာ စကားပြောကြားရာတွင် ယနေ့ကမ္ဘာတွင် ရေနံဈေးနှုန်းသည် တစ်ရှိန်ထိုး တိုးမြင့်လျက်ရှိကြောင်း၊ စက်မှုနိုင်ငံကြီးများတွင် မကြာမီ လောင်စာ ပြဿနာနှင့်ရင်ဆိုင်ကြုံတွေ့ကြရတော့ မည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည်ပင်လျှင် လောင်စာဆီကို ပြည်ပမှမှာယူ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ မြောက်မြားစွာ ကုန်ကျလျက်ရှိနေကြောင်း။

သဘာဝအမွေအနှစ်

ထိုကဲ့သို့ လောင်စာဆီ အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် နည်းလမ်းရှာကြံခဲ့ရာ တစ်ချိန်က အညာဒေသနှင့် ရှမ်းပြည်နယ်တို့၌ ခြံစည်းရိုးများတွင် အလေ့ကျပေါက်သော ကြက်ဆူပင်ကို တွေ့ရှိရပြီး ၎င်းကြက်ဆူပင်၏ အစေ့မှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်ကြောင်းကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း ထိုကဲ့သို့ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်တစ်ခုကို တွေ့ရှိရခြင်းပင် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို ပြည်နယ်နှင့်တိုင်း တစ်ခုလျှင် ဧက ငါးသိန်းနှုန်းဖြင့် စုစုပေါင်းဧက ခုနစ်သန်းကို သုံးနှစ်အတွင်းစိုက်ပျိုးရန် စီမံချက်ချ မှတ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သည့်အပြင် အမြင့်ပေ ၅၀၀၀ကျော် အထိလည်း စိုက်ပျိုးနိုင်သည့်အတွက် တနင်္သာရီတိုင်းကဲ့သို့ မြေလွတ်မြေရိုင်းပေါများသည့် ဒေသတွင် ဧရိယာ တိုးချဲ့စိုက်ပျိုးနိုင်ရန် အလားအလာကောင်းလျက် ရှိပါကြောင်း။

ယုံကြည်မှုအပြည့်

ခြံစည်းရိုးကြက်ဆူဆီသည် စက်ယန္တရားမရွေး အသုံးပြုမောင်းနှင်နိုင်ကြောင်းကိုတွေ့ရှိထားပြီးဖြစ်၍ မိမိတို့ပိုင် စက်တပ်ရေယာဉ်များ၊ သမ္ဗန်များ၊ အသေးစားလယ်ယာစိုက်ပျိုးရေးစက်ကိရိယာများနှင့် ငါးဖမ်းစက်လှေများတွင် အသုံးပြုရန် တစ်ဖက်တစ်လမ်းက အစားထိုးဒီဇယ်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ခြံစည်းရိုးကြက်ဆူကြိတ်ဖတ်သည်လည်း တစ်ဧကတွင် ၄၆၅ပိဿာမှသည် ၆၅၅ပိဿာ အထိထွက်ရှိရာ ယင်းကြိတ်ဖတ်ပမာဏသည် ၁၁၂ပေါင်ဝင်ယူရီးယားဓာတ်မြေဩဇာ ၁ဒသမ၂၅အိတ်မှ ၁ဒသမ၇၅အိတ်သုံးစွဲသည့် အာနိသင်နှင့်တူညီသဖြင့် မိမိတို့စိုက်ခင်းများမှ ယူရီးယား ဓာတ်မြေဩဇာများ ထုတ်ပေးလျက်ရှိသည်ဟု ယုံကြည်မှုအပြည့်ဖြင့် ဖိဖိစီးစီးစိုက်ပျိုးသွားကြစေလိုကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအတွက် လွန်စွာ အကျိုးဖြစ်ထွန်းသည့် ဇီဝလောင်စာဆီအစားထိုး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း စိုက်ပျိုးကြစေလိုကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စုဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ် ဦးသိန်းအောင်က မြိတ်တက္ကသိုလ်၏ သင်ကြား စီမံကိစ္စရပ်များကို လည်းကောင်း၊ ယုဇနဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ခံ ဦးခင်ဦးက မြိတ်တက္ကသိုလ် ပင်မဆောက်တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအနေဖြင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် ကျောင်းသားလူငယ်များ ထွက်ပေါ်လာစေရန် ကြိုးပမ်း သင်ကြားပေးကြရေး မှာကြားကာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် ပင်မဆောက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြိတ်တက္ကသိုလ်တွင် အထူးပြုဘာသာရပ်၁၃ခု၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း၃၃၈၂ဦးတို့ ပညာသင်ကြားလျက်ရှိသည်။ မြိတ်တက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ၈၉ဒသမ၉၈ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

စံချိန်စံညွှန်းမီတည်ဆောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကျွဲကူး-ကျောက်ဖျာတံတား အနီးရှိ မြိတ်မြို့သစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး မြိတ်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ ယခုထက် တိုးတက်မြန်ဆန်အောင် ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းထား၍ အသေးအဖွဲလုပ်ငန်းများမှအစ စီမံကိန်း တစ်ခုလုံးကို စေ့စပ် သေချာစွာဖြင့် ဆောင်ရွက်ကြရေးနှင့် စံချိန်စံညွှန်းမီစွာဖြင့် တည်ဆောက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျွဲကူး- ကျောက်ဖျာတံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး မြိတ်မြို့သစ်ရှိ ကျောက်ဖျာ-ကဘင်း မြို့သစ်ပတ်လမ်း ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖိုးလမင်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မြိတ်မြို့သစ်ရေလှောင်တမံတည် ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တည်ဆောက်ရေးတာဝန်ခံ ဦးတီးတီးက ကဘင်းရေလှောင်တမံ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထူးထူးတိုးကုမ္ပဏီလီမိတက်၏ မြိတ်မြို့သစ် ရေရရှိရေးအတွက် တစ်ဖက်ပိတ်ဆည် တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြပြီး ဆောက်လုပ်ရေးတာဝန်ခံဦးကျော်ဟိန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တစ်ပြေးညီဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရေးမှာကြားပြီး တစ်ဖက်ပိတ် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများကိုသွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် EHS Group နှင့် Wood World Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြိတ်မြို့သစ်ရှိ သစ်အခြေခံ စက်ရုံတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာ ဦးထွန်းနိုင်က စက်ရုံတည်ဆောက်ရေးအတွက် မြေပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက သစ်အချောထည် ထုတ်လုပ်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ရုံတည်ဆောက်ရန် မြေပြုပြင်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မြေနေရာများဖော်ထုတ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ်တာပတ်လမ်းတစ်လျှောက် ဆိပ်ခံဇောတံတားများတည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့သစ်၌ အိမ်ရာများချထားရေးအတွက် မြေနေရာများ ဖော်ထုတ်နေမှုကိုလည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ်၌ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် (မြိတ်) တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ Civil Tech Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်က သုံးထပ်ပင်မစာသင်ဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စံချိန်စံညွှန်းမီစွာဖြင့် တည်ဆောက်သွားရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်သွားကြရေး မှာကြားသည်။

လက်ခံသင်ကြားပေးနိုင်

အဆိုပါ မြိတ်မြို့ အစိုးရနည်းပညာကောလိပ်သည် မြိတ်-ရန်ကုန်ကားလမ်းဘေး ကဘင်းကျေးရွာအနီး မြိတ်မြို့သစ်၌တည်ရှိပြီး ကျောင်းသားကျောင်းသူဦးရေ ၃၀၀၀ ကိုလက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။

သုံးထပ်ပင်မဆောင်မှာ မျက်နှာစာအလျား ၅၁၃ ပေ၊ ဘေးတိုက်အလျား ၃၅၇ ပေရှိမည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း အတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြိတ်ခရိုင်နှင့် မြို့နယ်တို့ မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ရော်ဘာ၊ ဆီအုန်းနှင့် ရေထွက်လုပ်ငန်းလုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံကာ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းသည် ရေမြေသဘာဝ သယံဇာတကောင်းမွန်သည့် တိုင်းတစ်တိုင်းဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းအတွင်းရှိ ရေမြေသယံဇာတများကို အကျိုးရှိရှိ အသုံးပြုပြီး ဒေသ၏ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့်သားငါးကဏ္ဍတို့၌ အရှိန်အဟုန် မြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ အနေဖြင့် တနင်္သာရီတိုင်းသည် ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းစိုက်ပျိုးရေး လုပ်ငန်းများကို အဓိကထားဆောင် ရွက်လျက်ရှိရာ လုပ်ငန်းရှင်များ အနေဖြင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေး အတွက် အလေးအနက်ထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိနှင့် မဆိုင်ဟု သဘောမထားဘဲ လိုအပ်ချက်အဝဝကို မိမိတို့ တတ်စွမ်းနိုင်သည့်ဘက်မှ အားပေးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဒေသအတွင်းရှိဌာနဆိုင်ရာများ လုပ်ငန်းရှင်များသည် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို တန်ဖိုးရှိရှိ ထိုက်ထိုက်တန်တန် အသုံးချ၍ မိမိတိုင်း၊မိမိဒေသဖွံ့ဖြိုးရေး အတွက် အားထည့်ကာ ဖိဖိစီးစီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုးချဲ့တင်ပို့နိုင်

ယခင်ရက်များက မိမိတို့သည် ကော့သောင်းခရိုင်ရှိ မြို့များသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနှစ် စိုက်ပျိုးရေးရာသီတွင် ဆီအုန်းများကို တိုးချဲ့စိုက်ပျိုးကြရန် ကွင်းဆင်း၍ တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် တိုင်းကြီး (၆) တိုင်းအပြင် တနင်္သာရီတိုင်းကိုပါ နိုင်ငံတော်မှအားထားရမည့် တိုင်းတစ်တိုင်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းအတွင်းရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးအပါအဝင် ဒေသ၌ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်းနှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုးမြှင့်၍ ပြည်ပပို့ကုန်များကို တိုးချဲ့တင်ပို့နိုင်ရန် နိုင်ငံခြားသုံးငွေတိုးတက်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်ကြောင်း။

တိုင်းအတွင်းရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီကာ တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက သိရှိနားလည်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ်တက်တက်ကြွကြွဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုကတည်းက ဒီမိုကရေစီ နည်းလမ်းကျကျ လုပ်ဆောင်ကြရန် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်း၍ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မေ ၄ရက် နံနက် ၈နာရီတွင် ကမ်းရိုးတမ်းဒေသတိုင်းစစ်ဌာနချုပ် ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊အရာခံ၊အကြပ်စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ကမ်းနားလမ်း တစ်လျှောက်နှင့် နောက်လယ်ရပ် ကမ်းနားပတ်လမ်းအပိုင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ်းနားလမ်းတစ်လျှောက်ရေတမာအစရှိသည့် အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်မှအရာရှိ၊အရာခံ၊အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

အဆိုပါ NLDပါတီမှ စုပေါင်းနုတ်ထွက်ပွဲအခမ်းအနားသို့ စဥ့်ကူးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးကျော်စွာ၊ အတွင်းရေးမှူး ဦးလှထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးရီနှင့် အဖွဲ့ဝင်ခြောက်ဦး တက်ရောက်ခဲ့ကြပြီး စဥ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဝင်နှင့် ပါတီတာဝန်များမှလည်းကောင်း နုတ်ထွက်ခဲ့ပြီးဖြစ်သူ ဦးစောဌေးနှင့် NLDမှ နုတ်ထွက်သူပါတီဝင် ၆၂ ဦးတို့လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် NLD ပါတီဝင်အဖြစ်မှ နုတ်ထွက်သူ မထူး(ခ)မခင်နှင်းဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး စဥ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေး ဥက္ကဋ္ဌ ဦးသောင်းက NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ဦးသောင်းက ရှင်းလင်းပြောကြားရာတွင် ယခုအခါ NLD ပါတီအတွင်း ဂိုဏ်းဂဏများ ကွဲပြားနေကြောင်း၊ အုပ်စုတွေကွဲနေကြပြီး သူ့အဖွဲ့ ကိုယ့်အဖွဲ့ ဖွဲ့ကုန်ကြသဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်လျက်ရှိကြောင်း၊ NLDခေါင်းဆောင်များ၏ လုပ်ရပ်များထဲမှ အားလုံးသိသင့်သည့် ကိစ္စတစ်ခုကို ဖော်ပြပြောကြားလိုကြောင်း၊ ၂၀၀၃ခုနှစ် မေလပိုင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် မိမိတို့နယ်ဘက်သို့ ရောက်လာခဲ့ကြောင်း၊ ထိုသို့ရောက်လာရာတွင် နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမှုလုံးဝမရှိခဲ့ဘဲ မိမိတို့ မြန်မာပြည်သားအချင်းချင်းကို အနောက်နယ်ချဲ့နိုင်ငံများ၏ မူဝါဒအတိုင်း အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ရန်တိုက်ပေးခဲ့ကြောင်း၊ တစ်မြို့တည်းနေထိုင်ကြသည့် မြို့သူမြို့သား အချင်းချင်း၊ တစ်နိုင်ငံတည်းဖွား ပြည်သူ ပြည်သားအချင်းချင်း ရန်စောင်မှုများ ဖြစ်ပွားစေခဲ့ကြောင်း၊ မိမိတို့ အချင်းချင်း ညီညွတ်ကြမှသာ တိုင်းပြည်နှင့် လူမျိုးတိုးတက်လာမှာ ဖြစ်သော်လည်း NLD ဗဟိုတစ်ဖွဲ့လုံးက အနောက်မျှော်ဝါဒကို ကျင့်သုံးလျက်ရှိပြီး ပြည်ပကို အားကိုးလွန်းနေပါကြောင်း၊ ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း NLD ဗဟိုမှ အဖွဲ့ဝင်များသည် နိုင်ငံတော်က ကျင်းပပေးနေသည့် အမျိုးသားညီလာခံကြီးသို့ တက်ရောက်မည်ဟု ပြောကြားခဲ့ပြီးမှ မတက်ရောက်ကြတော့ဘဲ အပြင်တွင် သားပုပ်လေလွင့် ပြောနေခဲ့ကြကြောင်း၊ ယခုကျမှ တွေ့ဆုံညှိနှိုင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုသည့် စကားလုံးများကို သုံးလာနေခြင်းသည် ဒီမိုကရေစီအရေးအတွက် မဟုတ်ဘဲ ငါမိုကရေစီရေးနှင့် NLD ဗဟို၏ အတ္တကြီးမားမှုကို ကွင်းကွင်းကွက်ကွက် ဖော်ပြလျက်ရှိနေသဖြင့် မိမိတို့အားလုံး NLDဗဟို၏လုပ်ရပ်ကို စိတ်ပျက်လာခဲ့ကြပါကြောင်း၊ NLD ဗဟိုသည် မိမိတို့ကို ဦးဆောင်နိုင်မည့် အခြေအနေမရှိတော့ဘဲ အနာဂတ်အတွက်လည်း ရေရေရာရာ လမ်းညွှန်နိုင်ခြင်းမရှိသည့်အတွက် မိမိတို့ ၆၂ဦးစလုံး ယနေ့မှစ၍ NLD ပါတီမှ အပြီးအပိုင်နုတ်ထွက်ရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ စဥ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ NLDပါတီဝင်အဖြစ်မှ ဆန္ဒအလျောက်နုတ်ထွက်ခဲ့သူ ၆၂ဦးတို့က ၎င်းတို့၏ နုတ်ထွက်လွှာများကို စဥ့်ကူးမြို့နယ် ကော်မရှင်ဥက္ကဋ္ဌထံသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် စဥ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ NLD ပါတီဝင်နှင့် ပါတီတာဝန်များမှ လည်းကောင်း နုတ်ထွက်ခဲ့ပြီးဖြစ်သူ ဦးစောဌေးက နှုတ်ဆက်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် အသက်အရွယ်ကြီးရင့်၍ NLD ပါတီမှ နုတ်ထွက်ခဲ့ကြောင်း၊ မိမိတို့ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ဒီမိုကရေစီရရှိရေးပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းအောင် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြုံနှင့် အဖျက်၊ အဖြူနှင့် အနက်

လူ့သမိုင်းဟာ တိုးတက်နေသလား၊ ဆုတ်ယုတ်ပျက်ပြားနေသလား။ လူသားတွေ့ရဲ့ အတိတ်က လုပ်ဆောင်ချက်တွေကို သုံးသပ်ပြီး အနာဂတ် ဖြစ်ပေါ်လာမည့် အခြေအနေကို မျှော်မှန်းတွက်ချက်ကြည့်ကြတယ်။ တိုးတက်နေပါတယ်၊ တိုးတက်လာဦးမယ်လို့ ပြောတဲ့လူရှိသလို ပျက်ပြား နေတယ်၊ ဆက်လက်ဆုတ်သွားနိုင်တယ်လို့ ခန့်မှန်းကြတဲ့ လူတွေလည်း ရှိပါတယ်။ တစ်ကမ္ဘာလုံးနှင့်ယှဉ်ပြီး မှန်းဆကြတာတွေ အဖြေအမျိုးမျိုး ကွဲလွဲပေလိမ့်မယ်။

နိုင်ငံပေါင်းနှစ်ရာကျော်၊ လူမျိုးပေါင်းထောင်နဲ့ချီပြီး ကွဲပြားကြတဲ့ လူသားတွေ့ရဲ့ အခြေအနေကို အဖြေတစ်ကြောင်းတည်း ကောင်းမယ်၊ ဆိုးမယ်ပြောတယ်ဆိုရင် သေချာပေါက် လွဲမှားတယ်လို့မှတ်ယူရမှာပဲ။ Over Simplification "အလွယ်ဆွဲယူလွန်းခြင်း အစွန်းတရားအမှားမျိုး" လို့ ခေါ်ရပါမယ်။ ကွဲပြားခြားနားပြီး မတူညီကြတဲ့ အခြေအနေကို အလွန်အမင်း ယေဘုယျပြုချလိုက်ရင် တလွဲတချော်ပဲ ဖြစ်ပေါ်တတ်ပါတယ်။ ဒါမျိုးဟာပေါ်ခဲ့ဖူးတယ်။ ဖြစ်ပေါ်နေဆဲ။ နှစ်ဆယ်ရာစုထဲမှာ၁၉၂၀မှ ၁၉၉၀လောက်အထိ ပစ္စည်းမဲ့လူတန်းစားရဲ့ လူတန်းစားတိုက်ပွဲကို အခြေခံတဲ့ ကွန်မြူနစ်ဝါဒဟာ တစ်ကမ္ဘာလုံးကို လွှမ်းခြုံပြီး အယူတစ်ခုတည်း၊ မူတစ်ခုတည်းဖြစ်အောင် ကြိုးပမ်းခဲ့ဖူးတယ်။ ကြောက်စရာကောင်းလောက်အောင်ရေပန်းစားတယ်။ လူကြိုက်များ

မိမိ၊ သူတစ်ပါးနဲ့ လူအများကို စိတ်ဆင်းရဲအောင်၊ ကိုယ်ဆင်းရဲအောင်၊ ကြောက်လန့်တုန်လှုပ်အောင်၊ မငြိမ်မသက် ဆူဆူပူပူ အုံကြွ ပေါက်ကွဲအောင် စေတနာဆိုးနဲ့ အမျိုးမျိုး (သူများက ဒေါ်လာပေးပြီး ခိုင်းစေနေတာကြောင့်) လှုံ့ဆော် သွေးထိုးလုပ်နေရတာ တွေဟာ အကုသိုလ် ဒုစရိုက်မဟုတ်လို့ ဘာလဲ။

တယ်။ ကမ္ဘာတစ်ဝန်းကို ပျံ့နှံ့ရိုက်ခတ်ခဲ့ပါတယ်။ သို့သော် ကာလတစ်ခု ရောက်တဲ့အခါ အဆုံးသတ် အရှုံးနှင့်ဓာတ်သိမ်းသွားခဲ့ပြီ။ အဲဒီမှိုင်းဟာ မြန်မာပြည်ကို အနှစ်ငါးဆယ်လောက် မွဲတေဆင်းရဲအောင် နှောက်ခဲ့ပါသေးတယ်။ ၁၉၉၀ ပြည့်နှစ်တွေရဲ့ နောက်ပိုင်းမှာ နိုင်ငံတကာတွင် ချိန်ခွင်လျှာထိန်းညှိပေးနိုင်မယ့် အင်အားစု ပျက်ပြား ယိုယွင်းကာ ယိမ်းယိုင်သွားတဲ့အခါ New World Order စသည်ဖြင့် အမည်သစ်၊ တံဆိပ်သစ် အသုံးအနှုန်းသစ်တွေနဲ့ အမေရိကန် ဦးဆောင်တဲ့ အနောက်အုပ်စုဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေကို ခြုံပြီး တစ်ကမ္ဘာလုံးကို သူ့အလိုကျ တံခါးမရှိ၊ ဓားမရှိ လွှမ်းမိုးရေး အစီအစဉ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံက နယ်ချဲ့တော့တာပဲ။

Globalization လို့လည်း အချို့က ခေါ်ကြတယ်။ ခေါ်ဝေါ်သုံးနှုန်းပုံကတော့ နှောင်ကြိုးမဲ့ကမ္ဘာတဲ့။ အင်း-နားထောင်လို့ကောင်းပေသားဗျ။ နိုင်ငံရေးမှာ သူ့နောက်ကလိုက်ပါပြီး သူ့လိုပဲ ကျင့်သုံးပါမှ။ အကယ်၍ ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အခြေအနေနဲ့ သမိုင်းအစဉ်အလာအရ အုပ်ချုပ်နေရင် သူ့ရဲ့ရန်သူပဲ။ သူနဲ့မတူရင် သူရဲ့ရန်သူလို့သတ်မှတ်တယ်။ သူ့ကို အန်တုအန္တရာယ်ပြုတယ်လို့ မှတ်ယူပြီး ဆုံးမမယ်။ ဗိုလ်ကျဝါဒ။

စီးပွားရေးမှာ သူ့အတွက် တံခါးဖွင့်ပေး။ သူပို့ချင်တဲ့ကုန်တွေ ပို့ပေးမယ်။ သူတို့ဆီကိုတော့ လက်လွတ်စပယ်မလာနဲ့။ မတင်နဲ့။ သူရဲ့စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီလား၊ စိစစ်၊ စစ်ဆေးပြီးမှသာ ပို့ခွင့်ရမယ်။ ဒါဟာ တရားမျှတတယ်။ သူ့စကားကို နားမထောင်ရင် ဝိုင်းပယ်မယ်။ ပိတ်ဆို့မယ်။ ဒုက္ခပေးမယ်။

ကမ္ဘာပေါ်မှာ အာကာသသိပ္ပံ အထွန်းကားဆုံးသော နိုင်ငံ၊ ကမ္ဘာပေါ်မှာ ရေတပ်အင်အား အကြီးမားဆုံး ဖြန့်ကြက်ထားနိုင်တဲ့နိုင်ငံ၊ ကမ္ဘာပေါ်မှာ စစ်အင်အားအကောင်းဆုံးနိုင်ငံ၊ ကမ္ဘာပေါ်မှာ စီးပွားရေးအင်အား အတောင့်တင်း အခိုင်မာဆုံးနိုင်ငံတစ်နိုင်ငံ၊ ကမ္ဘာပေါ်မှာ… အစရှိသည်ဖြင့် မောက်မာစရာတွေအများကြီး သူ့မှာ၊ မောက်မာခက်ထန်သလားမမေးနဲ့၊ သူ့တပည့်မခံရင် နင်းချေချင်သူ။ ဇမ္ဗူတစ်လုံ။

ဘြော်- ပြိုင်စံမပေါ်သေးတာလည်း အမှန်ပဲ။

ဒီတော့ ဘယ်သံရုံးရှေ့မှာသွားပြီး ဆန္ဒပြဆူပူလိုက်စမ်းကွာ။ ရော့ဟော့ အဲဒီငနဲတွေကို အခကြေးငွေ ရှင်းပေးလိုက်ဆိုတာနဲ့ ခွေးတစ်ကောင်ကဲ့သို့ အမြီးကုပ်ပြီး ခိုင်းရာလုပ်နေတဲ့သူတွေ တစ်ပုံကြီး။ ထိုင်း၊ မလေးရှားနဲ့ ဂျပန်မှာ မြန်မာလူငယ်တွေ ရိုးရိုးသားသားနဲ့ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြတဲ့ လူတွေရှိသလို အထက်ပါအတိုင်း ထမင်းထုပ်ဝေမယ့်၊ အခကြေးငွေလည်း နေ့တွက်စာထက် ပိုပိုသာသာပေးမယ်ဆိုရင် အော်ဟစ်ပေးမယ့် ဘာမသိ ညာမသိ ကလေးအချို့လည်း ရှိတာပဲ။ အနောက်အုပ်စုက ထောက်လှမ်းရေးနဲ့ နယ်ချဲ့လွှမ်းမိုးရေး စီမံချက်ရဲ့ ကွန်ရက်အောက်မှာ ကျွေးမွေးပေးကမ်း ထောက်ပံ့တာလေးတွေဟာ မြန်မာနိုင်ငံမှာ နေခဲ့ရစဉ်ကထက် ပိုပြီး မြိုးမြိုးမြက်မြက်ရ၊ အနေအစားလည်း ချောင်လည်နေတယ်ဆိုတာ အောင်ဇလ၊ ဝင်းခက်၊ မောင်သာရ၊ မောင်စွမ်းရည်၊ ဒေါက်တာလွှဏ်းဆွေ၊ တင်မောင်သန်းစတဲ့ လူစားတွေက နားမလည်ဘဲ ဘယ်မှာနေမှာလဲ။ နှုတ်ခမ်းမှာ အဆီ ရစ်နေပြီ။

ရဲဘော်စိုးဝင်းလှိုင်

ဒီလူတွေက လူညံ့တွေ မဟုတ်ဘူး။ လူအ,တွေလည်း မဟုတ်ဘူး။ လူတော်လူကောက်တွေ ခေါ်နိုင်ပါတယ်။ လူချော်လူရှော်တွေလို့ ပြောရင်လည်း ရမှာပဲ။ မြန်မာပြည်မှာတော့ သူတို့အမူအကျင့်တွေ သိကြပြီးသားမို့ လူတကာရဲ့ ချဉ်ဖတ်ပါ။ အော့ကြောလန်တွေပါ။ အနောက်အုပ်စုနိုင်ငံကြီးတွေက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအပေါ် စေတနာမေတ္တာကြီးမားလွန်းလို့ အချိန်ကုန်ခံ၊ ငွေကုန်၊ လူပင်ပန်းခံပြီး အလုပ်လုပ်ပေးနေကြတာမဟုတ်ဘူးဆိုတာ သူတို့မသိဘဲနေမလား။ သူတို့ဟာ ကူညီချင်တဲ့စေတနာနဲ့ မေတ္တာဖြင့် လုပ်ဆောင်နေခြင်းမဟုတ်။ သူတို့ရဲ့ အကျိုးစီးပွား ရနိုင်ခြေရှိမလားဆိုပြီး ပါဝင်နေကြတာမဟုတ်လား။ သမိုင်း သင်ကြားရတာဟာ မအ,အောင်လို့ဆိုတာ သမိုင်းဆရာတစ်ဦး ပြောပြ ခဲ့ဖူးတယ် မဟုတ်လား။ **မြန်မာပြည်မှာ မွေး၊ မြန်မာဆန်ကိုစားပြီး မြန်မာပြည်သူတွေ မွဲတေနိမ့်ကျ၊ ဆင်းရဲငတ်မွတ်ကြပြီး ဆူပူအုံကြွ မင်းမဲ့တိုင်းပြည်ဖြစ်ရအောင် သွေးထိုးလှုံ့ဆော်၊ လိမ်ညာလီဆယ်လှည့်စား ရေးသားပြောဆိုရ၊ ပြည်သူတွေ သေကျေအောင် ဖုံးဖောက်ခွဲသူတွေနဲ့ လက်တွဲရ။ သတ်ဖြတ်တိုက်ခိုက်သူတွေနဲ့ ဝေစုအတူခွဲယူ၊ ဉာဏ်ပညာရှိပါလျက်နဲ့ မသမာမှု၊ မိုက်မဲမှုတွေကို မရှက်မကြောက်ဘဲ ကျေးဇူးကန်းစွာ ပြုရဲလေခြင်းဆိုပြီး သူတို့ရဲ့ ကိုယ်ရေးရာဇဝင်ကို တကယ်ပဲ သနားမိပါတယ်။ အဝီစိမှာ ချိုးကပ်ရှာကြမယ်။**

မကောင်းမှုဆိုတာ သိနေတယ် မဟုတ်လား။
ဒုစရိုက်ဆိုတာ သိသိကြီး မြင်နေသား။

နိုင်ငံနဲ့လူမျိုးကို အညွန့်ကျိုးအောင် ပြာပုံရည်ပက်သလို ဖျက်ဆီးရာရောက်နေပြီဆိုတာ အခုလောက်ရှိရင် ဓာတ်ရည်လည်ခဲ့ပြီမဟုတ်လား။ လိပ်ပြာမသန့်တော့ဘူး ဟုတ်လား။ ပြည်ပြေး ဆရာတို့ရေ။

"ငါတို့လုပ်တဲ့ အကုသိုလ်တွေဟာ လက်ရှိတာဝန်ယူစီမံခန့်ခွဲနေတဲ့ အစိတ်အပိုင်းကို ဘာဆိုဘာမှ မထိခိုက်စေဘဲ ဆင်းရဲနွမ်းပါးတဲ့ အလုပ်သမားတွေ၊ လက်လုပ်လက်စားတွေ၊ တောင်သူလယ်သမားတွေ၊ အောက်ခြေဝန်ထမ်းတွေကိုသာ ငတ်ပြတ်မွဲစုတ်နေအောင် လက်တွေ့ဒုက္ခပေး မီးလောင်တိုက်သွင်းရာ ရောက်စေခဲ့ပြီ" ဆိုတာ မြင်လည်း မြင်မှာပါ၊ ကြားလည်း ကြားမှာပါ။

အရာရာ တိုးလျှိုပေါက်မြင်နေရတဲ့ ခေတ်မျိုးပါ။ ဘာလို့မသိချင်ယောင်၊ နားပင်းချင်ယောင်ဆောင်နေတာလဲ။ ပြည်ပကို ထွက်ပြေးပြီး အမိနိုင်ငံက ပြည်သူ၊ ပြည်သားတွေကို မစားရဝခမန်း မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းပြနေလို့ကော ရနိုင်မယ့် အချိန်အခါ အခြေအနေမျိုးလား။

အရှက်မရှိ ဆိတ်ကိုဆင်လုပ် ရေးသား။
ကြမ်းပိုးကို လိပ်လို့ပြောလိုပြော။ ဘယ်သူက ယုံမှာလဲဗျာ။

မြန်မာပြည်သူတွေဟာ ထမင်းစားပြီး ကြီးပြင်းခဲ့ကြတဲ့လူတွေချည်းပါ။ အဖြူနဲ့အနက်၊ အပြုံနဲ့ အဖျက်ကိုတော့ ခွဲခြားတတ်ကြတယ် ခင်ဗျား။ မီဒီယာအင်အားကြီးတိုင်း အထက်စီးအနိုင်ယူနေလို့ ဘယ်ရမှာလဲ။

အမှန်နဲ့အမှား။
တရားမျှတမှုနဲ့ မတရားမှု။
သစ္စာရှိခြင်းနဲ့ သစ္စာဖောက်ခြင်း။
အားလုံးလည်း သိတယ်။

နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားကို ထမ်းရွက်မြှင့်တင်ထူထောင်သူနဲ့ ဖျက်ဆီးနှောင့်ယှက်ပျက်ပြားအောင် လုပ်သူဆိုတာ အုပ်စုနှစ်မျိုး နှစ်စားပဲ ရှိနေတယ်။ ပြည်ပြေးကြေးစားအဖျက်သမားတွေဟာ ဥပဒေအရ စည်းကမ်းဖောက်တာလောက်တော့ ထားပါတော့။ စကားထဲထည့်မပြောလို။

"ငါလုပ်နေတာတွေဟာ ကုသိုလ်လား၊ အကုသိုလ်လား" ဆိုတာ သေသေချာချာ စဉ်းစားဖို့ အချိန်တန်နေပြီ။ အကုသိုလ်ဒုစရိုက် အပြုအမူဆိုတာ နွားခြေရာရဲ့နောက်က လှည်းဘီးလိုက်သကဲ့သို့ ထက်ကြပ်မကွာလိုက်ပါပြီး အကျိုးပေးတာနော်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးဆက်ကမှ အရိပ်ပမာ လိုက်ပါတယ်။ နေပူထဲမှပဲ သိသာတယ်။ သစ်ပင်ရိပ်ဝါးပင်ရိပ်မှာ နောက်က အရိပ်ပါတာ မမြင်သာဘူးတဲ့။ ကုသိုလ်ရဲ့ ကောင်းကျိုးထက် အကုသိုလ်ရဲ့ဆိုးကျိုးဟာ ပိုမိုပြီးခိုင်ခိုင်မြဲမြဲ ကပ်ပါနေတယ်။ ပိုမိုပြီး အာနိသင်ပြသတတ်တယ်။ သတိထား။

"ငါတို့က အနက်မဟုတ်ပါဘူးကွာ။ အညိုရင့်လေးပါ။ အပြာမှိုင်းလေးပါ"လို့ ဆင်ခြေပေးမနေနဲ့၊ အားလုံးကသိတယ်။ မိမိ၊ သူတစ်ပါးနဲ့ လူအများကို မထိပါးတာ ကုသိုလ်မဟုတ်လား။

မိမိ၊ သူတစ်ပါးနဲ့ လူအများကို စိတ်ဆင်းရဲအောင်၊ ကိုယ်ဆင်းရဲအောင်၊ ကြောက်လန့်တုန်လှုပ်အောင်၊ မငြိမ်မသက် ဆူဆူပူပူ အုံကြွ ပေါက်ကွဲအောင် စေတနာဆိုးနဲ့ အမျိုးမျိုး (သူများက ဒေါ်လာပေးပြီး ခိုင်းစေနေတာကြောင့်) လှုံ့ဆော်သွေးထိုးလုပ်နေရတာတွေဟာ အကုသိုလ် ဒုစရိုက်မဟုတ်လို့ ဘာလဲ။ ဘယ်သူ့အကျိုးအတွက် ဖျက်ဆီးနေရတာလဲ။

သူများမြေပေါ်မှာ အရိုးထုတ်တော့မလို့လား။
အမေရိကန်နိုင်ငံမှာ အရိုးမြေချတော့မှာမို့လား။
ကိုယ့်အမိနိုင်ငံအပေါ် လိပ်ပြာလုံရဲ့လား။

အခုလို လက်ကိုင်တုတ်လုပ်ရတဲ့ အရသာဟာ အနေအစားချောင်ပေမယ့် စိတ်ဝိညာဉ်ညစ်နွမ်းလို့ ဘဝကူးမကောင်းနိုင်ဘူးနော်။ ဒုစရိုက် အာစိဏ္ဏကံ၊ အာသန္နကံ ဓာတွေဟာ ဖိစီးပြီး ဘဝအဆက်ဆက် နှိပ်စက်ရှာတော့မယ်။ အမှားသိမြင်နေကြပြီပဲ။ ရဲရဲရင့်ရင့် အမှန်ကို ပြင်လိုက်ကြစမ်းပါဗျာ။ ခဝါချပြီး လျှော်ကြစမ်းပါ။ ။

မြန်မာပြည်မှာ မွေး၊ မြန်မာဆန်ကိုစားပြီး မြန်မာပြည်သူတွေ မွဲတေနိမ့်ကျ၊ ဆင်းရဲငတ်မွတ်ကြပြီး ဆူပူအုံကြွ မင်းမဲ့တိုင်းပြည် ဖြစ်ရအောင် သွေးထိုးလှုံ့ဆော်၊ လိမ်ညာလီဆယ်လှည့်စား ရေးသား ပြောဆိုရ၊ ပြည်သူတွေသေကျေအောင် ဖုံးဖောက်ခွဲသူတွေနဲ့ လက်တွဲရ။ သတ်ဖြတ်တိုက်ခိုက်သူတွေနဲ့ ဝေစုအတူခွဲယူ၊ ဉာဏ်ပညာရှိပါလျက်နဲ့ မသမာမှု၊ မိုက်မဲမှုတွေကို မရှက်မကြောက်ဘဲ ကျေးဇူးကန်းစွာ ပြုရဲလေခြင်းဆိုပြီး သူတို့ရဲ့ ကိုယ်ရေးရာဇဝင်ကို တကယ်ပဲ သနားမိပါတယ်။ အဝီစိမှာ ချိုးကပ်ရှာကြမယ်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော် တက်ရောက်အားပေး ကြက်ဆူဆီဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စံပြကေ (၁၀၀) ကြက်ဆူပင်စိုက်ခင်း ကြက်ဆူဆီမီးဖိုဖြင့် ရေနွေးအိုးတည်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် မေ ၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဧပြီ၂၈ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စံပြကေ(၁၀၀) ကြက်ဆူပင်စိုက်ခင်းရှိ ခြံစည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ ကြက်ဆူဆီမီးစက်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် ကြက်ဆူဆီမီးဖိုဖြင့် ရေနွေးအိုးတည်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကြက်ဆူပင်ကြီးများမှ ကိုင်းတက်ကိုယူ၍ ပျိုးအိတ်အတွင်း ကိုင်းကူးစိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဌာနဆိုင်ရာတို့ကို ကြက်ဆူပျိုးပင်များ ဝေငှပေးကြပြီး ကြက်ဆူပင်စပေါင်းစိုက်ပျိုးပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သီးကင်းများထွက်နေသည့် ကြက်ဆူပင်ကြီးများကို ကြည့်ရှုကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ သုတေသနစံပြကြက်ဆူပင်ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများက မိုးရာသီအတွင်း ကြက်ဆူပင်များစိုက်ပျိုးရန် စီစဉ်ထားရှိမှုနှင့် အဆင့်မြင့်ကြက်ဆူဆီများ ထုတ်လုပ်နိုင်အောင် ကြိုးစားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ဝန်ကြီးသည် ဧပြီ၂၉ရက်တွင် မူဆယ်မြို့ရှိ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မန်စီမြို့နယ်ရှိ သစ်တောဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဝန်ကြီးသည် ဗန်းမော်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်ရေး ဒေသ မန်နေဂျာရုံးသို့ ရောက်ရှိပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဧပြီ၃၀ ရက်က ရွှေကူမြို့ရှိ မြန်မာ့သစ်လုပ်ငန်းဖောင်ဖွဲ့ရေးရုံးသို့ရောက်ရှိပြီး ဝန်ကြီးဌာနမှဝန်ထမ်းများအားလိုအပ်သည်များကိုမှာကြားသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် အမှတ်၄၂၊ ရတနာလမ်း ဆရာစံ/တောင် ဗဟန်းမြို့နယ်နေ ဒေါ်ခင်မလေး(စလင်း)အထပြ(ငြိမ်း)နှင့် မြေး ကိုဌေးဝင်း(Air Bagan)တို့က ငွေကျပ် ၁၀၀၀၀၀ ကို အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဦးတင်ဝင်း(ဗုဒ္ဓဂယာ)ထံ ဧပြီ ၁၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဝန်ကြီးသည် မေ ၁ ရက်က ရွှေကူမြို့နယ် စက်ကလာကြိုးဝိုင်း၌ ထူးကုမ္ပဏီ၏ သစ်ထုတ်သည့် နေရာသို့ရောက်ရှိ စစ်ဆေးပြီး သစ်တောကြိုးဝိုင်း ထိန်းသိမ်းရေးကိစ္စရပ်များ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရွှေကူမြို့နယ် ရွှေကူကြိုးဝိုင်းအတွင်း ၂၀၀၂–၂၀၀၃ ခုနှစ် ဓမ္မတာ မျိုးဆက်ခြင်း ဧက၅၀၀နှင့် ၂၀၀၃–၂၀၀၄ ခုနှစ် ဓမ္မတာမျိုးဆက်ခြင်းဧက၁၀၀တို့၌ ကျွန်းပင်များ ပေါက်ရောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မဘိမ်းမြို့နယ် နန့်မဲကြိုးဝိုင်းရှိ မိုမင်တန်ဂုဝေါလ်တင်(န်)ဝေးကုမ္ပဏီ၏ ကျွန်းစိုက်ခင်း ဧက၁၅၀၀သို့ ရောက်ရှိပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကျွန်းပင်ပေါက်တစ်သိန်းသုံးသောင်းကျော် စိုက်ပျိုးထားသော ပျိုးဥယျာဉ်နှင့် ၂၀၀၄–၂၀၀၅ ခုနှစ် ကျွန်းစိုက်ခင်းဧက၄၅၀ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး မိုမင်တန်ကုမ္ပဏီသစ်ဆိပ်ကို ကြည့်ရှုရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးက ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထီးချိုင့်မြို့ အင်ဒေါင်းကြိုးဝိုင်း၏ ၂၀၀၅–၂၀၀၆ ခုနှစ် ကျွန်းဧက၅၀၀ စိုက်ခင်းသို့ရောက်ရှိကြပြီး ဝန်ကြီးက စိုက်ခင်းများကို နှစ်စဉ်တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရန်မှာကြားကာ ကျွန်းနှင့်ကြက်ဆူပင်များ ပျိုးထောင်ထားသော ပျိုးဥယျာဉ်နှင့် အောင်မြင် ဖြစ်ထွန်းနေသည့် ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ထီးချိုင့်မြို့ရှိ မြတောင်သစ်ဆိပ်သို့ရောက်ရှိပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ ပြည်ထဲရေး ဒုတိယဝန်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၅

ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ikuzo Sakuraiသည် ဂျပန်စီးပွားရေး လုပ်ငန်းရှင် ခြောက်ဦးလိုက်ပါလျက် မေ ၂ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီးနောက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့်အခွင့်အလမ်းဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ IT ပညာသင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး (၂)ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းကြည်၊ ဦးမြင့်စိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

လာမည့်သောကြာ တောင်သမန်သစ္စာရုံတင်မည် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဆက်လက်ပြသဆဲ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၅

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ၁၇–၄–၂၀၀၆ရက်ကတည်းက ရုံဝင်လာသော **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားမှာ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့်နဝဒေးရုံများ၌ လည်းကောင်း၊ မန္တလေးမြို့ ဝင်းလိုက်ရုံတွင် လည်းကောင်း ဆက်လက်ပြသဆဲ ဖြစ်သည်။

ကလျာ(ဝိဇ္ဇာ၊သိပ္ပံ)၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီ မောင်နန္ဒရိုက်ကူးထားသော မောင်နန္ဒ၏နောက်ဆုံးလက်ရာ **တောင်သမန်သစ္စာ** ဇာတ်ကားမှာ လာမည့်သောကြာပတ်တွင် ရုံတင်မည် ဖြစ်သည်။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာမှ ဇာတ်ဝင်ခန်းတစ်ခန်း။

တောင်သမန် တံတားပေါ်က ဖြတ်သန်း သွားလာကြသူများမှာ လူချင်းတူသော်လည်း အသက်ရှူချင်း မတူကြပေ။ အသက်ရှူချင်းတူသော်လည်း အသက်ရှုသံချင်းခြားနားကြသည်။ တချို့က လောဘစိတ်ဖြင့် ရှူကြသည်။ တချို့က မောဟစိတ်၊ တချို့က ဒေါသစိတ်၊ တချို့က ဝမ်းရေးအတွက် ခက်ခက်ခဲခဲ အသက်ရှူရသော်လည်း တချို့က ကျန်းမာရေး၊ ပျော်ရွှင်စိတ်ချမ်းသာရေးအတွက် ပေါ့ပေါ့ပါးပါး ရှူကြရသည်။ အသက်ရှူသံ ဘယ်လိုကွဲကွဲ အားလုံးသော လူသားများမှာ ဘဝကိုယ်စီ၊ သောကကိုယ်စီဖြင့် လောကခံတံတားပေါ်တွင် ဖြတ်သန်းသွားလာနေကြရသည်။ ယင်းသို့ ဖြတ်သန်းသွားလာရသော တိုတောင်းသော အချိန်ကာလအတွင်းမှာပင် တစ်ဦးကိုတစ်ဦး ချစ်ကြ၊ မုန်းကြ၊ မဲ့ကြ၊ ပြုံးကြရသော ဘဝအဓိပ္ပာယ်ကို ပေါ်လွင်စွာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

တောင်သမန်သစ္စာ ကို ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်၊ နဝရတ်နှင့် အနုပညာရှင်အင်အားများစွာဖြင့် ပုံဖော်ထားသည်။

မကြာမီရုံဝင်လာမည့် တောင်သမန်သစ္စာမှမြင်ကွင်းတစ်ကွက်။

မင်္ဂလာရုံတွင် King Kong ဇာတ်ကားတစ်ကျော့ပြန် ပြသနေပြီး ရှေ့ဆောင်ရုံတွင် The Cave ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် The Myth ဇာတ်ကားပြသလျက် ရှိသည်။

မြို့မရုံတွင် AK-47 အိန္ဒိယဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံမြေညီထပ်၌ ရှာရွတ်ခန်၊ ခရစ္စနားကပူး၊ မာဒူရီဒီဆက်တို့ ခေါင်းဆောင်ပါဝင်ထားသော Dil to Pagal Hai ဇာတ်ကားပြသလျက်ရှိသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် အက်ရှင်မင်းသားဗန်ဒိန်းပါဝင်သည့် Cyborh ဇာတ်ကားကြည့်ကြရမည်ဖြစ်သည်။ မြို့လယ်ဆုထူးပန်ရုံတွင် သည်းထိတ်ရင်ဖိုထူးခြားဆန်းပြားသော ဟန်နှမာန်၏ စွမ်းဆောင်ချက်ကို ရှုစားကြရမည် ဖြစ်သည်။ အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား **ပွဲကိုင်ရှင်** ကို မြို့လယ်စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ပြသလျက်ရှိသည်။ **ပွဲကိုင်ရှင်** တွင် ကျော်သူ၊ ဇင်ဝိုင်း၊ သူထူးစံ၊ ပြည့်စုံ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

ပွဲကိုင်ရှင် ဇာတ်ကားမှ ကလေး သရုပ်ဆောင်နှစ်ဦး။



6-5 (11).p65 1 1/5/32, 12:34 AM

ပဲခူးတိုင်းကုန်းနှင့်ကျောက်ကြီးလမ်းခွဲလျှပ်စစ်ထရန်စဖော်မာအားအကြမ်းဖက်သမားများမိုင်းထောင်ဖောက်ခွဲ လူထိခိုက်မှုမရှိဘဲပျက်စီးမှုအနည်းငယ်သာရှိသော်လည်းလုံခြုံရေးသတိပိုမိုထားရန်လိုအပ် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ကြိုတင်တားဆီးနိုင်ရေးအစဉ်စောင့်ကြပ်ဖော်ထုတ်သတင်းပေး

နေပြည်တော် မေ ၅

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာမှုပျက်ပြားစေရန် ဖောက်ခွဲဖျက်ဆီးမှုများကို ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက် ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့မှ ကျောက်ကြီးမြို့သို့သွားသည့် လမ်းခွဲအနီး ပဲနွယ်ကုန်းနှင့်ကျောက်ကြီးမြို့ တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာတစ်ဝိုက်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လူထိခိုက်မှုမရှိဘဲ ထရန်စဖော်မာကို ကာရံထားသည့် ခြံစည်းရိုးအနည်းငယ်သာ ပျက်စီးသွားပြီး ထရန်စဖော်မာ အအေးခံပြား အနည်းငယ်ပျက်စီးသွားခဲ့သည်။ ယင်းဖောက်ခွဲဖျက်ဆီးသူ အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် သက်ဆိုင်ရာတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများတစ်ကျိတ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး ပြည်တွင်းသို့ စေလွှတ်ထားသော ဖောက်ခွဲဖျက်ဆီးရေး အဖွဲ့များအား ၎င်းတို့၏ ပစ်မှတ်နေရာများနှင့် အခြား အလစ်အငိုက်ရမည့် နေရာများ၌ ဖောက်ခွဲဖျက်ဆီးမှုများ မဖြစ်မနေလုပ်ဆောင်ရန် အကြပ်ကိုင်ဖိအားပေးလျက်ရှိကြောင်း သတင်းဖော်ထုတ်ရရှိနေသည်။ သို့ဖြစ်၍ ၎င်းတို့၏ အကြမ်းဖက်အဖျက် လုပ်ရပ်များကို ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး လုံခြုံရေးသတိဖြင့် အစဉ်စောင့်ကြပ် ကြည့်ရှုဖော်ထုတ်သတင်းပေးကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျော်ဖုံးမှ**

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွက်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ငါးချီစိန်ခေါ်ပွဲ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာ့ရိုးရာ လက်ဝှေ့အထူးစိန်ခေါ်ပွဲ ငါးပွဲကို ဆက်လက်ယှဉ်ပြိုင်ကြသည်။ ပွဲစဉ်များမှာ ၃မိနစ်ထိုး ၂မိနစ်နား ငါးချီစိန်ခေါ်ပွဲဖြစ်သည်။

ပွဲစဉ်(၁)အဖြစ် ထွန်းထွန်း (သာယာကုန်း)နှင့် ရဲနောင်နောင် (တွံတေး) တို့ ယှဉ်ပြိုင် ထိုးသတ်ရာ ရဲနောင်နောင် (တွံတေး)က ဒုတိယအချီ ၂မိနစ် ၅၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။ ရဲနောင်နောင်က ပထမအချီမှာပင် လျှင်လျှင်မြန်မြန် ထိုးသတ်နိုင်ခဲ့ရာ ချက်ကောင်းမိပြီး ပွဲသိမ်းမြန်ခဲ့ခြင်းဖြစ်သည်။

ထောက်လက်သီး

ပွဲစဉ်(၂)အဖြစ် ရွှေရဲလေး(ရွှေလက်ရာ)နှင့် တကောင်ဘွား(ပဲခူး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ရွှေရဲလေး(ရွှေလက်ရာ)က ပထမအချီ ၂မိနစ် ၁၃စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။ တကောင်ဘွား(ပဲခူး)က အလုံးအထည်သာ၍ စစချင်းအတင်းလိုက်ထိုးရာမှ ရွှေရဲလေး(ရွှေလက်ရာ)၏ ထောက်လက်သီး မျက်နှာကိုထိသွား၍ လဲကျကာ အနားတောင်းခဲ့ရသည်။ ပထမအချီ ဆက်ထိုးရာ ရွှေရဲလေးလက်သီးက ဒဏ်ရာဟောင်းကို ထပ်ထိသွား၍ တကောင်ဘွား(ပဲခူး) အမှတ်စဉ်ပြည့်သည်အထိ မထနိုင်ဘဲ ရှုံးခဲ့ခြင်းဖြစ်သည်။

လုံးတူဒေါက်တူ

ပွဲစဉ်(၃)အဖြစ် ဒေါင်းစိုးလေး (တွံတေး)နှင့်ကျားကရင်(မိုးညှင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လုံးတူဒေါက်တူဖြစ်၍ ပွဲကောင်းဖြစ်ခဲ့သည်။ ဒေါင်းစိုးလေး(တွံတေး) ကမာန်ပါပြီး အဝင်အထွက်ရဲရဲဖြင့် ထိုးသတ်ရာ နှစ်ဦးစလုံး လုံးထွေးပြီး ကြမ်းပြင်ပေါ်မကြာခဏကျခဲ့ကြသည်။ ပထမအချီ၌ ဒေါင်းစိုးလေးက ခြေကန်ချက်နှင့်အတူ လက်သီးတွဲလုံးပစ်သွင်းရာ ကျားကရင်အနားတောင်းရသည်။ ဒုတိယအချီ ၄၅စက္ကန့်တွင် ဒေါင်းစိုးလေး၏ ပွဲသိမ်းလက်သီးကြောင့် ကျားကရင် ကြမ်းပြင်ပေါ်ကျသွားရာ အမှတ်စဉ် ရေတွက်ပြီးသည်အထိ မထနိုင်ခဲ့ချေ။ ဒေါင်းစိုးလေး(တွံတေး)သတ်လုံးသတ်ကွက်ကောင်းပြီး အလဲထိုးအနိုင်ရသဖြင့် ပရိသတ်လက်ခုပ်သံခံယူခဲ့ရသည်။

အနားတောင်း

ပွဲစဉ်(၄)အဖြစ် ကျော်ဇေယျ(ပဲခူး)နှင့်ဒေါနှ(ရွှေလက်ရာ)တို့ယှဉ်ပြိုင်ထိုးသတ်ရာ အပြာထောင့်မှ ဒေါနှ(ရွှေလက်ရာ)က အလဲထိုးဖြင့် အနိုင်ရရှိသည်။ ပထမအချီ ၂မိနစ် ၃၈စက္ကန့်တွင် ကျော်ဇေယျ (ပဲခူး)အနားတောင်းရပြီး အခြေမလှ ဖြစ်ခဲ့သည်။ ဒုတိယအချီ ၃၄စက္ကန့်တွင် ဒေါနှ (ရွှေလက်ရာ)၏ လက်သီးချက်ကြောင့် ကျော်ဇေယျ(ပဲခူး)ထပ်မံ လဲကျကာ မထနိုင်ဘဲ အရှုံးပေးလိုက်ရခြင်းဖြစ်သည်။

အသည်းမာ

ပွဲစဉ်(၅)အဖြစ် မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)နှင့် ဝမ်ရှိ (ºK.L.Nº)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ မိုက်ခဲကျောက်ပွင့်က အရပ်မြင့်ပြီး အလုံးအထည်ပိုကောင်း၍ ပွဲအစပိုင်းအသာစီး ရသော်လည်း အသည်းမာပြီးခွဲပါသည့် K.L.N ကလပ်မှ ဝမ်ရှိ၏ ခြေကန်ချက်ကြောင့် ဒုတိယအချီ ၂မိနစ်တွင် မိုက်ခဲကျောက်ပွင့်အနားတောင်းခဲ့ရသည်။

အလဲထိုး

မိုက်ခဲကျောက်ပွင့်က ပထမအချီ၌ အားပါသော လက်သီးများ ပစ်သွင်းသော်လည်း ဝမ်ရှိက ခံနိုင်ရည် ရှိသဖြင့် ဒုတိယအချီတွင် လက်ရည်တူ အနေအထားမှ ထိုးသတ်နိုင်ခဲ့သည်။ မိုက်ခဲကျောက်ပွင့် ဘယ်ခြေနာသွားမှုကို အခွင့်ကောင်းယူပြီး ဝမ်ရှိက အဆက်မပြတ် လိုက်ထိုးရာ တတိယအချီ ၂မိနစ် ၃၉စက္ကန့်တွင် မိုက်ခဲကျောက်ပွင့် ကြမ်းပြင်ပေါ်မှ ပြန်မထနိုင်ဘဲအပြာထောင့်မှ ဝမ်ရှိ(ºK.L.Nº) အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ကွာတားဖိုင်နယ်

၂၀၀၆ခုနှစ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို မေ ၆ရက် **(ယနေ့)** မွန်းလွဲ ၂နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ စတင်ကျင်းပမည်ဖြစ်သည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်း (၅၇ကီလို) ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကျော်ဆန်း(K. L.N)နှင့် နေလင်းအောင် (တောင်ကလေး) ၊ စောအုန်းမြင့်(မြွေဟောက်)နှင့် မိုက်ခဲ (တွံတေး)တို့ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်း (၆၇ကီလို) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကြီးအောင် (အလင်းရောင်)နှင့် စောဇော်လွင် (ºK.L.Nº)၊ ထွန်းထွန်း (ဒေါနှ ခြေလှမ်းသစ်)နှင့် မျိုးဆက်သစ် (လယ်ယာ/ဆည်မြောင်း)တို့ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

ကူညီပံ့ပိုး

ပြိုင်ပွဲဝင်ကြေးအဖြစ် ရိုးရိုးတန်းကျပ် ၂၅၀၀၊ အထူးတန်းကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ယခုပြိုင်ပွဲကို Main Sponsor အဖြစ် Myanmar Towards Co., Ltd. က ကူညီပံ့ပိုးဆောင်ရွက်ပေးပြီး Co. Sponsors များအဖြစ် Summit ပလတ်စတစ်လုပ်ငန်းနှင့် ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းတို့က ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

သတင်းစကားပါး

ကိုယ်အလေးချိန် အတန်းအလိုက် တံခွန်စိုက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲများသည် အတန်းအသီးသီး၌ မည်သူကအကောင်းဆုံးဖြစ်သည်ကို အဖြေထုတ်ပေးမည့်ပွဲစဉ်များဖြစ်ရာ ကြုံတောင့်ကြုံခဲကြည့်ရခဲသောပွဲများပင်ဖြစ်သည်။ ယနေ့ ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များသည် အထူးစိန်ခေါ်ပွဲများ၌ လက်သီးစွမ်းပြခဲ့ကြသူများဖြစ်ရာ ပရိသတ်အကြိုက် တွေ့မည့် ပွဲကောင်းများပင်ဖြစ်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် အတန်းအလိုက် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲအကြို အထူးငါးချီ စိန်ခေါ်ပွဲ၌ ဒေါနှ (ရွှေလက်ရာ)၏ ညာခြေ ဝိုက်ကန်ချက်ကို ကျော်ဇေယျ (ပဲခူး) ဘယ်မျက်နှာအား ထိမိထားစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ချုပ် လုပ်ငန်းရှင်ကြီးများတွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၅

ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ရန်ကုန်မြို့ရှိ စိန်၊ ရွှေလုပ်ငန်းရှင်ကြီးများ၊ စူပါမတ်ကက်နှင့် စတိုးဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား မေ ၄ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်ကြီးများအား မေ ၅ရက်တွင် လည်းကောင်း ပြည်တွင်းအခွန်များဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အခွန်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အခွန်ထမ်းလုပ်ငန်းရှင်များအတွက် လျင်မြန်လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အခွန်ဥပဒေများကိုပြင်ဆင်ခဲ့မှု အခြေအနေများ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဦးစွာရှင်းလင်းပြောကြားပြီး ဥပဒေများပြင်ရာတွင် အခွန်နှုန်းများတိုးမြှင့်ပြင်ဆင်ခြင်းမရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အမှန်လုပ်ငန်းပမာဏဆောင်ရွက်နေမှု၊ အကျိုးဖြစ်ထွန်း မြတ်စွန်းနေမှုများအပေါ်တွင် ဆောင်သင့်ဆောင်ထိုက်သော အခွန်ကိုသာ စည်းကြပ်ကောက်ခံသွားရန်ရှိကြောင်း၊ လက်ရှိထမ်းဆောင်နေသော အခွန်ပမာဏများမှာ အမှန်ပေးဆောင်သင့်သော အခွန်နှင့်နှိုင်းယှဉ်ပါက အမှန်ပင်နည်းသေးကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေအရ မဖြစ်မနေထားရှိရမည့် စာရင်းဇယားများကို ပြုစုထားရှိကြပြီး နိုင်ငံတော်သို့ မှန်မှန်ကန်ကန် အခွန်ပေးဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ဦးတည်လျှောက်လှမ်းနေရာတွင် တာဝန်သိပြည်သူများအဖြစ် အခွန်ကို ကြည်ဖြူစွာ ပေးဆောင်ရင်း နိုင်ငံတော်ကို တစ်တပ်တစ်အားဝိုင်းဝန်း တည်ဆောက်ကြစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

အစီအစဉ်အရ လုပ်ငန်းရှင်များမှ အခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ သိလိုသည်များ၊ မရှင်းလင်းသည်များ မေးမြန်းချက်အပေါ် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံခွန်စိုက်ဂျူဒိုပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် လူသစ်တန်း၊ သက်ငယ်တန်း တံခွန်စိုက်ဂျူဒိုပြိုင်ပွဲနှင့် စခန်းသွင်း လူရွေးပြိုင်ပွဲများကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ နံနက် ၁၀ နာရီမှစတင်၍ အမျိုးသားရေကူးကန် တွင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အမျိုးသား ၁၀ တန်း၊ အမျိုးသမီး ၁၀တန်းနှင့် လူရွေးပြိုင်ပွဲများတွင် (ခတ)ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အတွင်းရေးမှူး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း ဦးဝိစာရလမ်း ရန်ကုန်မြို့ ဖုန်း-၃၈၀၇၇၂ သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

တံခွန်စိုက်နှင့်သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် (၈) ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်နှင့် သက်တမ်းအလိုက်(၁၂၊၁၄၊၁၆၊၁၈၊၂၀) နှစ်နှင့်အောက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများကို မေ ၉ ရက် မှ ၁၅ ရက် အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန သီတာခန်းမတွင်ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲမှ ၂၀၀၆ ခုနှစ် တစ်နှစ်တာအမျိုးသမီးချန်ပီယံနှင့် ပဏ္ဍာမအမျိုးသမီးမြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ သက်တမ်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများအား ၂၀၀၆ ခုနှစ် ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပမည့် အာဆီယံသက်တမ်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲသို့ စေလွှတ်မည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့တစ်လွှား အားကစား

မက္ကဆီကို လက်ရွေးစင်ဘောလုံးအသင်း။

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား မက္ကဆီကိုအသင်း၏ပြင်ဆင်ထားမှုအနေအထား

မက္ကဆီကို မေ ၅

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံ၌ ဇွန် ၉ ရက်မှစ၍ တစ်လကြာမျှ ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည်ဖြစ်သည်။

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အတွေ့အကြုံရင့် ကစားသမားအချို့နှင့် အရည်အချင်းရှိသော လူငယ်ကစားသမားများကို အချိုးကျပေါင်းစပ် ဖွဲ့စည်းထား၍ မက္ကဆီကိုအသင်းသည် ပြိုင်ဘက်အသင်းများအနေဖြင့် အနိုင်ယူရန် ခက်ခဲသော အသင်းတစ်သင်းဖြစ်သည်။

ကမ္ဘာ့ဖလားဝင်ခွင့်ခြေစစ်ပွဲအောင်လာသော အသင်းများ၏ အခြေအနေကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက်နေ့စဉ်ဖော်ပြပေးလျက်ရှိသည်။

ယနေ့တွင် အမေရိကတိုက်၏ ဘောလုံး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သော မက္ကဆီကိုအသင်း၏ခြေစစ်ပွဲအောင်ရန် ရုန်းကန်ကြိုးစားခဲ့ရပုံများကို မြန်မာ့အလင်း ဘောလုံးပရိသတ်အား Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် ကိုးကားဖော်ပြလိုက်ပါသည်။

ကြိုးစားမည်

အမေရိကတိုက်၏ ဘောလုံးအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော မက္ကဆီကိုအသင်းသည် ပြီးခဲ့သည့် အနှစ် ၂၀ အတွင်း မကျော်ဖြတ်နိုင်ခဲ့သော ကမ္ဘာ့ဖလားအုပ်စု ပထမအဆင့်ကို ကျော်ဖြတ်နိုင်ရန် အဓိကထား ကြိုးစားလိမ့်မည်ဟု မျှော်လင့်ရသည်။

နည်းပြ

မက္ကဆီကို နည်းပြ ရီကာဒိုလာဗော်ပီ။

နည်းပြရီကာဒိုလာဗော်ပီ၏ ပြင်းထန်သော ကြံ့ခိုင်ရေး ပြင်ဆင်မှုများအရ မက္ကဆီကိုအသင်းသည် ပွဲစဉ်တိုင်းတွင် ၎င်းတို့၏ အကောင်းဆုံးကစားကွက် ပုံစံများဖြင့် ယှဉ်ပြိုင်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။

ကစားလာသော ကမ္ဘာ့ဖလားခြေစစ်ပွဲ ထက်ဝက်ကျော်လောက်တွင် အမေရိကန် အသင်းကို ရှုံးနိမ့်ခဲ့၍ အခြေအနေ ယိမ်းယိုင်သွားခဲ့သော်လည်း ခြေစစ်ပွဲအားလုံးကစားပြီးချိန်တွင် ကွန်ကာကက်ဖ်ဇုန်၏ အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ယင်းကဲ့သို့ ခြေစစ်ပွဲအောင်လိုက်သဖြင့် မက္ကဆီကို အသင်းသည် ကမ္ဘာ့ဖလားထိပ်တန်းဘောလုံးအသင်း ၁၀ သင်းတွင် တစ်သင်းအပါအဝင်အဖြစ် ဘောလုံးပရိသတ်များက လက်ခံယုံကြည်ထားကြသည်။

ကမ္ဘာ့ဖလားဘောလုံး ပရိသတ်များအနေဖြင့် ယခု ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုသည် အသင်းကြီးများကို ဒုက္ခပေးမည့် အသင်းမျှသာ ယူဆထားကြသည်။ သို့ရာတွင် မက္ကဆီကိုအသင်းသည် အကြိုဗိုလ်လုပွဲအဆင့်ကို ပထမဆုံးအကြိမ် တက်ရောက်ခွင့် ရသွားနိုင်သော အလားအလာ ရှိသည့်အသင်းဖြစ်သည်။

မက္ကဆီကို အသင်းသည် ၁၉၃၀ ပြည့်နှစ်ကစပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အောင်မြင်မှု အနေအထားမှာ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၆ ခုနှစ်တို့တွင် ကွာတားဖိုင်နယ်ပွဲများအထိ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

မက္ကဆီကိုအသင်းမှ အားထားရမည့် တိုက်စစ်မှူး ဘိုတီ။

တိုက်စစ်မှူး

မက္ကဆီကို အသင်း၏ အကောင်းဆုံး၊ ဂိုးအများဆုံးသွင်းနိုင်သည့် ကစားသမားမှာ တိုက်စစ်မှူး ဘိုဂတ်တီဖြစ်သည်။ ၎င်းသည် ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတစ်ဦးအဖြစ် ၂၀၀၆ ဂျာမနီဖလားတွင် ခြေကုန်ထုတ်ကစားသွားလိမ့်မည်ဟု မျှော်လင့်ရသည်။

အသက် ၃၂နှစ်အရွယ်ရှိနေပြီဖြစ်သော အဆိုပါတိုက်စစ်မှူးသည်ခြေစစ်ပွဲကာလတစ်လျှောက်တွင် မက္ကဆီကိုအသင်းအတွက် ဂိုးများတဒိုင်းဒိုင်းသွင်းပြပြီး တစ်ဖက်ဂိုးပေါက်ကို အချိန်ပြည့်ခြိမ်းခြောက် ကစားနိုင်သည့် အနေအထားကို ပြသနိုင်ခဲ့သည်။

ဘိုဂတ်တီသည် ပရီမီယာရှစ်ကို ပထမဆုံး ခြေချလာသော မက္ကဆီကန်တစ်ဦးဖြစ်ပြီး ၂၀၀၅ခုနှစ်တွင် ဘော်လ်တန်အသင်းနှင့်စာချုပ်ခဲ့သည်။ဘော်လ်တန်တွင် ကစားနေရင်းဖြင့် ယူအီးအက်ဖ်အေပြိုင်ပွဲတွင် အသင်းအတွက် ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့သော ကစားသမားတစ်ဦး ဖြစ်လာသည်။

အရေးပါ

အတွေ့အကြုံအရလည်း ကိုပါ အမေရိကဖလားတွင် နှစ်ကြိမ်ကစားထားသလို ၂၀၀၂ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခဲ့ဖူးသည့် ကစားသမား ဖြစ်သည်။ ၎င်း၏အတွေ့အကြုံနှင့် ဂိုးသွင်းနိုင်ခြေများသည် အသင်းအတွက် အလွန်ပင် အရေးပါလျက်ရှိသည်။

မက္ကဆီကိုအသင်းသည် အုပ်စု (ဃ) တွင် ပါဝင်ပြီး ဇွန် ၁၁ ရက်တွင် အီရန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၁၆ရက်တွင် အင်ဂိုလာအသင်းနှင့် လည်းကောင်း၊ ဇွန် ၂၁ရက်တွင် ပေါ်တူဂီအသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့နေ ဦးကျော်စိုးအား ရည်စူး၍ ကျောင်းအမကြီး ဒေါ်အနွဲ့ သမီး မယုယုချို၊ သား မောင်သက်နိုင်၊ မောင်အောင်ကျော်စိုး မိသားစုတို့က အိန္ဒိယနိုင်ငံ ယူပီပြည်နယ် သာဝတ္ထိမြို့ မြန်မာကျောင်းဆောင်သစ်၌ ဇေတဝန်ဘုရားဆောင်ကို အမေရိကန်ဒေါ်လာ ၉၀၀၀ ကုန်ကျခံ၍ လှူဒါန်းအပြီး သာဝတ္ထိ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

Canon ကင်မရာအသစ်မိတ်ဆက် ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၅

Accel International Co., Ltd. နှင့် Canon (Singapore)Pte, Ltd. တို့က တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က နှုတ်ခွန်းဆက်စကားပြောကြားပြီး Canon (Singapore) Pte, Ltd မှ President and Chief Executive Officer, Mr. Kevin Ogawa က အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် Accel International Co,Ltd. မှ မန်နေဂျာ ဦးဖီးလစ်ထွန်းအောင်က ယခု မိတ်ဆက်တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်အသစ်နှင့် ပတ်သက်၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဧည့်သည်များအား ကံစမ်းမဲလက်ဆောင်များကို ပေးအပ်သည်။

ကြည့်ရှုလေ့လာ

Accel International Co., Ltd. က တင်သွင်းသော Canon ဒစ်ဂျစ်တယ် ကင်မရာအမျိုးမျိုးတို့ကို အမှတ် ၄၂၂–၄၂၆ဆဋ္ဌမထပ်သစ်တောဖက်စပ် ကုန်သန်းရောင်းဝယ်ရေးအဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၂၀၂၀၉၂–၉၆ သို့ ဆက်သွယ် ဝယ်ယူနိုင်သည်။ Canonအရောင်းပြခန်းများကို ရန်ကုန်မြို့၌ အမှတ် ၇–၈အောင်ဆန်းကွင်း တောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖုန်း–၂၄၃၀၃၆–၃၈၊ မန္တလေးမြို့၌ အမှတ်(၆) SYအဆောက်အအုံ (၇၈) လမ်း ဘူတာကြီးနှင့် မျက်နှာချင်းဆိုင်၊ဖုန်း–၀၂–၃၆၀၁၄၊ ၃၉၈၅၇ နှင့် ပျဉ်းမနားမြို့၌ အမှတ် ၆/၄၄–၆/၄၅ ဆောက်လုပ်ရေးဝင်း ရန်ကုန်–မန္တလေး အဝေးပြေးလမ်း ဖုန်း–၀၆၇– ၂၂၃၄၇၊ ၂၂၈၀၁ တို့၌ ဖွင့်လှစ်ထားရာ ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်္ဂလန်နည်းပြဖြစ်လာမည့် မစ်ဒယ်ဘရော့အသင်း မန်နေဂျာ မက်ကလာရင်။

အင်္ဂလန်နည်းပြ အဲရစ်ဆင်၏ရာထူး မက်ကလာရင် လွှဲပြောင်းယူမည်

လန်ဒန် မေ ၅

စတိဗ်မက်ကလာရင်သည် လာမည့်အင်္ဂလန်နည်းပြဖြစ်လာမည်ဖြစ်ကြောင်း အက်ဖ်အေက မေ ၄ရက်၌ ပြောကြားလိုက်သည်။

မစ်ဒယ်ဘရော့မန်နေဂျာ မက်ကလာရင်သည် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပြီးလျှင် ဆဗင်ဂိုရမ်အဲရစ်ဆင်၏နေရာကို လွှဲပြောင်းရယူလိမ့်မည်ဖြစ်ကြောင်း အဆိုပါဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

မက်ကလာရင်သည် မေ ၄ ရက်မှစပြီး အဲရစ်ဆင်၏ လက်ထောက်ရာထူးတာဝန်ကို ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တာဝန်ပေးခြင်းခံရမှုသည် ကြီးမြတ်သောဂုဏ်ပြုမှုပင်ဖြစ်ကြောင်း၊ မိမိ၏ နည်းပြသက်တမ်းတစ်လျှောက်တွင် အမြင့်ဆုံးရာထူးဖြစ်ကြောင်း မက်ကလာရင်က ပြောကြားသည်။

၎င်းသည် လာမည့်ဩဂုတ် ၁ ရက်မှစ၍ လေးနှစ်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုထားကာ ၂၀၁၀ ကမ္ဘာ့ဖလားနည်းပြတာဝန်ကိုပါယူမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြိုင်မြို့၌ မြတ်မဟော် စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ဗဟုသုတရရှိရေး ရှင်းလင်း

မြိုင် မေ ၁

ပခုက္ကူခရိုင် မြိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးကြပ်ပြီး မြတ်မဟော်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက်က သမင်ချောက်ကျေးရွာ ဇောတိကာရုံကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ သာသနာ့တံခွန်စာသင်တိုက် အိမ်တော်ရာ ကျောင်းတိုက် ဆရာတော် ဦးဇောတိက၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဦးမျိုးလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ထို့နောက် ဆရာတော်က ဩဝါဒကထာချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ခိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတရရှိစေရေး ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ စာအုပ်များလှူဒါန်းကြရာ ရန်ကုန်မြို့မှ ဆရာတော် ဦးသုန္ဒရ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစောမြင့်ခိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသိန်းမြင့်၊ ရန်ကုန်မြို့နေ ဦးရွှန်း–ဒေါ်တင်နန်းဝေနှင့် ဦးအောင်တင်– ဒေါ်နွယ်နီစိုးနှင့် ဦးဇော်လွင်–ဒေါ်သန္တာလင်း မိသားစုတို့က ဆရာတော်ထံ စာအုပ်များ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ကျေးရွာဥက္ကဋ္ဌသို့ စာကြည့်တိုက်အတွက် ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် ဂွမြို့ အမက–မြို့သစ်၏ ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် အခြေခံပညာ မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို ဧပြီ ၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်သူက စတုတ္ထတန်းကျောင်းသူ မသုခမြင့်အား သင်ယူပြီးမြောက် ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (ပညာရေး)

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအန်ကြည်က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာနှစ် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရ သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော်အား ဧပြီ ၅ ရက်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (မြို့နယ် ငါးလုပ်ငန်း)

ဗဟုမင်္ဂလာ စာကြည့်တိုက်ဖွင့်

ဟုမ္မလင်း ဧပြီ ၉

ဟုမ္မလင်းမြို့နယ် ကွန်းတောင်းကျေးရွာအုပ်စု ကွန်းတောင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံ၌ ဗဟုမင်္ဂလာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးဖိုးချို က ဗဟုမင်္ဂလာစာကြည့်တိုက်အတွက် ကျေးရွာဥက္ကဋ္ဌဦးမြမောင်သို့ စာအုပ်မျိုးစုံအုပ် ၅၀ ပေးအပ်လှူဒါန်းပြီး အခမ်းအနားသို့ တက်ရောက်သူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးအောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က မြို့နယ်လုံးဆိုင်ရာ ဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက အမှာစကားပြောကြားစဉ်။ (၁၆၂)

မြန်မာ့အသံ

၇–၅–၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

- ၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (စကားပြောသော မြက်ခင်း) (သိပ္ပံမှူးတင်)
- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နည်းပညာသစ်ဖြင့် သဘာဝ အလှကုန်ပစ္စည်းထုတ်လုပ်မှု အကြောင်း)
- ၁၁း၃၀ မေတို့တွက်တာ လှကမ္ဘာ (နွေအပူကို အန်တုဖို့ ချည်သား ရောင်စုံလေးများနှင့် အလှတင်စို့)
- ၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (ထူးဆန်းသော ဘုရင်နှင့် ယာသမားကြီးပုံပြင်)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စာနာတတ်တဲ့ နှလုံးသား)
- ၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ပွဲခါသြောင်ရေ–ဒေါ်စောမုံညင်း)

ညနေပိုင်း

- ၁၇း၀၀ တေးသံစုံ (နန်းညွှန့်နွယ်အဖွဲ့)
- ၁၇း၁၅ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မြန်မာ့ကျက်သရေဆောင် ခေါင်းပေါင်း) (ခင်ဇ–စက်မှု)
- ၁၇း၃၀ သူ့အလှည့် (စိန်ပါတီ)
- ၁၈း၄၅ အာယုနှင့် သာစု ဆွေးနွေးခန်း
- ၁၉း၁၅ မြန်မာမှုမြန်မာ့သဘင် (မြန်မာ့ဝလေ့) (ဦးဆွဲ ပညာတန်ဆောင်ရဲ့ လကဆုန်အစီအစဉ်)
- ၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (English Lesson Working Knowledge)

ကရင်ပြည်နယ်လုံးကျွတ် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး ရုပ်မြင်သံကြား၊ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်

ဘားအံ မေ ၂

ကရင်ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၆၈၆တိုက်ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာအုပ်စာစောင်၊ ရုပ်မြင်သံကြား၊ ရေဒီယိုကက်ဆက်နှင့် ရေဒီယိုများ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၉ရက် မွန်းလွဲ ၁နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်သူများကျန်းမာကြံ့ခိုင်ပြီး ပညာရည် မြင့်မားစေရန် ကရင်ပြည်နယ်တွင် ကျေးရွာပေါင်း ၁၆၈၆ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင် ၁၁၃ ဦးတို့က ၂၁လက်မ ရုပ်မြင်သံကြားပြစက် ၁၅လုံး **(အပေါ်ပုံ)၊** ၁၇လက်မ ရုပ်မြင်သံကြားပြစက် ငါးလုံး၊ ၁၄လက်မ ရုပ်မြင်သံကြား ပြစက် ၃၈လုံး၊ ရေဒီယိုကက်ဆက် ၁၂၇လုံးနှင့် စာအုပ်၊ စာစောင် စုစုပေါင်း ၁၂၅၀၀ တို့ကို ကရင်ပြည်နယ်အတွင်း စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန်အတွက် လှူဒါန်းကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဖလမ်းခရိုင် ပြန်/ ဆက် ဦးစီးဌာန လုပ်ငန်းစီမံချက်တာဝန်ပေးအပ် စာကြည့်တိုက်များ ဖွံ့ဖြိုးရေးဆွေးနွေး

ဖလမ်း ဧပြီ ၂၀

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၆–၂၀၀၇ ခုနှစ် လုပ်ငန်းစီမံချက် တာဝန်ပေးအပ်ပွဲနှင့် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးကျော်ဆင့်က ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆက်လက်ရှင်သန်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်လိုင်နလ်ကိမ်းနှင့် ဝန်ထမ်းများက လုပ်ငန်းတာဝန်များအောင်မြင်ရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးအရာရှိ ဦးကျော်ဆင့်က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ၂၀၀၆–၂၀၀၇ ခုနှစ် လုပ်ငန်းစီမံချက်တာဝန် ပေးအပ်လွှာများကို မြို့နယ်ဦးစီးမှူးများအား ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှု တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကျင်းပရေးညှိ

မကွေး ဧပြီ ၂၄

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းရဲတပ်ဖွဲ့မှူးရုံး မှုခင်းကျဆင်းရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဥက္ကဋ္ဌ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရဲမှူး(ဦးစီး) ရဲမှူးအောင်မင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပြိုင်ပွဲနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ပြိုင်ပွဲကို မေ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ကျင်းပရန် သတ်မှတ်ထားသည်။ **(၃၈၃)**

ရေအားလျှပ်စစ်ဖွင့်ပွဲ တမူးမြို့၌ကျင်းပ

တမူး ဧပြီ ၃၀

စစ်ကိုင်းတိုင်း တမူးမြို့တွင် မြို့မရွှေကျင်ရေအားလျှပ်စစ် ဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီက မြို့မရပ်ကွက် ယဉ်ကျေးမှု နယ်မြေအနီးရှိ ရေအားလျှပ်စစ်တွင်ကျင်းပသည်။

အခမ်းအနားသို့ မြို့မရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ မာနိတသီရိနှင့် ဆရာတော် သံဃာတော်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မရွှေကျင်ကျောင်းဂေါပကအဖွဲ့နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကား ပြောကြားပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(၀၂၅)**

ပုညဝိသုဒ္ဓိသာသနာ့ဗိမာန် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ မော်လမြိုင်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း မေ ၃၀

မော်လမြိုင်ကျွန်းမြို့ ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်တော် တည်ဆောက်ရေး အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ ရွှေမြန်မာလယ်ယာသုံးပစ္စည်း ရောင်းချရေး ပထမထပ် ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ အလှူရှင် တိပိဋကဓရ တိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်း ဆရာတော်ဘဒ္ဒန္တ သီလခန္ဓာဘိဝံသ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အဖွဲ့ ဝင်များ၊ သာသနာ့ဗိမာန်တော် တည် ဆောက်ရေးဦးစီး ကော်မတီ အတွင်း ရေးမှူးဦးနီနှင့် ဦးစီးကော်မတီဝင်များ၊ ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိ ကာမများနှင့် ရပ်မိရပ်ဖများ တက် ရောက်ကြသည်။

ယင်းအလှူငွေ ပေးအပ်ပွဲတွင် အလှူရှင်မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလခန္ဓာဘိဝံသက ပုညဝိသုဒ္ဓိသာသနာ့ ဗိမာန်တော် တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ဆရာတော် ၏ကိုယ်စား ရဟန်းဒါယကာများ ဖြစ်ကြသော ဦးနီ၊ ဦးမောင်သိန်းနှင့် ဦးသောင်းညွန့်တို့က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်ထံ ပေးအပ်လှူဒါန်း ကြသည်။**(ဝဲပုံ)** **(ဝ၉၇)**

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၃) ရပ်ကွက် ရန်ကုန်အင်းစိန်လမ်း၊ အမှတ် ၅၅ (J)နေ ကွယ်လွန်သူ မိဘများအားရည်စူး၍ မွေးနေ့ရှင် ဒေါ်သောင်းရီ (မြန်မာသံရုံး၊ ဗန်ကောက်မြို့)မိသားစုက ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေဘုရား စေတီရံ တစ်ဆူ အတွက် အလှူငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကသာခရိုင်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့်ကန်တော့

ကသာ မေ ၃၀

စစ်ကိုင်းတိုင်း ကသာခရိုင်ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း က ကြီးမှူးကျင်းပသည့် နဝမအကြိမ် သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက ကသာမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က ဂါရဝစကားပြော ကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးသန့်က သက်ကြီးပူဇော်ပွဲကျင်းပ ရသည့်ရည်ရွယ်ချက်များ ရှင်းလင်းသည်။

ဆက်လက်၍ တက်ရောက်သူ များက အသက်(၈၅)နှစ် အထက်ရှိ သက်ကြီးအဘိုးအဘွား ၈၃ ဦးတို့အား ငွေကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ လှူဖွယ် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြ ကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ခန္တီးမြို့၌ အခြေခံစစ်ပညာနှင့် အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

ခန္တီး မေ ၇

ခန္တီးမြို့ ဒေသအရန်မီးသတ်တပ်ဖွဲ့က ကြီးမှူး၍ အခြေခံ စစ်ပညာနှင့် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၃/ ၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က ခန္တီးမြို့နယ် မယ်ပုတ်ကျေးရွာတွင် ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးနှင့် ဒေသအရန်မီးသတ် တပ်ဖွဲ့တပ်ရင်းမှူး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအဖွဲ့ဝင်(၁)ဦးထွန်းသာ တို့က အမှာစကားပြော ကြားကြသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်ဝင်းနှင့် မြို့နယ် ဒေသအရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကျော်သန်း ဝေတို့က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် သင်တန်း ဖွင့်လှစ်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းကိုယ်စား မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးမင်းလွင်ထွန်းက သင်တန်းအတွက် အလှူငွေကျပ် တစ်သောင်းကို သင်တန်းမှူးထံသို့လည်းကောင်း၊ မြို့နယ် ဒုတိယဦးစီးမှူး ဦးမြင့်ကျော်က မယ်ပုတ်၊ မလန်ပိုင်နှင့် လောင်တောက် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ် များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြစ်ကြီးနား မေ ၃

မြစ်ကြီးနားမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကိုမတ် ၂၂ရက်က ခေတ်မီနှစ်ထပ်ဈေး၊ အမှတ် (၂) ဈေးနှင့် ကမ်းနားလမ်းဈေးတို့တွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဦးစီးအရာရှိ ဦးခင်အောင်နီ ဦးဆောင်သော မြို့နယ် မီးသတ်ဦးစီးမှူး နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ လက်တွေ့ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေး ကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ပေါင်မြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၌အသုံးပြုရန် မီးအားမြှင့်စက် ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ပေါင် မေ ၂၅

ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းတွင် အသုံးပြုရန် ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ မီးအားမြှင့်စက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၇ ရက်နံနက် ၁၀ နာရီက ပေါင်မြို့ နယ် ပြည်သူ့ဆေးရုံ သံဃာ့ကုသ ဆောင်ခန်းမတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် ပေါင်မြို့နယ် ဥက္ကဋ္ဌဦးထွန်းမြက ဂုဏ်ပြုအမှာစကား ပြောကြားပြီး မီးအားမြှင့်စက်အလှူရှင် ရွှေလင်းယုန်ရွှေဆိုင်ပိုင်ရှင် ဦးသန်း ထွန်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းမြင့် က ကျေးဇူးတင် စကား ပြန်လည်ပြော ကြားပြီး ငွေကျပ် ငါးသိန်းကျော်တန် ဖိုးရှိ မီးအားမြှင့်စက်ကို ရွှေလင်းယုန် ရွှေဆိုင်ပိုင်ရှင် ဦးသန်းထွန်း-ဒေါ်တင် မေရီမိသားစုတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီးနှင့်ပြည်သူ့ဆေးရုံ ကြီးကြပ်မှုကော်မတီဝင်များက လက်ခံ ရယူကြသည်။**(အပေါ်ပုံ)**

အဆိုပါ မီးအားမြှင့်စက်တပ် ဆင် အသုံးပြုခြင်းဖြင့် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်း၌ လူနာ များခွဲစိတ်ရာတွင် လိုအပ်သော လျှပ် စစ်ဓာတ်အား အပြည့်အဝရရှိစေနိုင် မည်ဖြစ်ကြောင်း သိရသည်။ **(၂၆၀)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ့စေတီတော် ပရိဝုဏ်အတွင်းပြုပြင်တည်ဆောက်မှု လုပ်ငန်း များ အတွက် မတ် ၂၀ ရက်က ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း ၄၉ (အေ) စိန်ပန်းလမ်း (မြသစ္စာပွဲရုံ) ဦးခင်မောင်-ဒေါ်အုန်းမေ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပဲခူးလမ်းတစ်လျှောက်တွင် ကွန်ကရစ် ပန်းအိုးများနှင့် ပန်းအလှစိုက်ပျိုးခြင်းကို မေ ၂၅ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထူး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၂၄၀)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၉-၅-၂၀၀၆ (အင်္ဂါနေ့)

- ❑ Theory of Consumer Behaviour
  - ပထမနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံ
- ❑ Poetry
  - ပထမနှစ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူများ

၁၀-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ poetry
  - ဒုတိယနှစ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူများ
- ❑ Conditional IF Patterns
  - တတိယနှစ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူများ

၁၂-၅-၂၀၀၆ (သောကြာနေ့)

- ❑ "ရဲသော်မသေ သေသော်ငရဲမလား" စကားပြေ ပို့ချချက်
  - ပထမနှစ် အထူးပြုအားလုံး
- ❑ "ဝေရွှန်းစန္ဒာ"ကဗျာ ပို့ချချက်
  - ပထမနှစ် အထူးပြုအားလုံး
- ❑ "ဥမ္မာဒန္တီပျို့မိတ်ဆက်" ပို့ချချက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ကျောင်းသူများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၁၃-၅-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၃)ရက်
၂၀၀၆ခုနှစ်၊ ဧပြီလ(၁၀)ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် နိုင်ငံတော်အကျိုး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ၂၀၀၆ခုနှစ်၊ ဇွန်၊ဇူလိုင်လတွင် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာအထူးရောင်းချပွဲတွင် သင့်လျော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့်ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေဖြင့်လည်း ယခင်ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းချငွေများအမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning) အဖြစ်သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှရတနာကုန်သည်များများ တက်ရောက်စေရန်၊ ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာများ၊ ပြည်တွင်းရတနာကုန်သည်ကြီးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၀၆ ခုနှစ်၊ ဇွန်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၆ခုနှစ်၊ဧပြီလ(၁၈) ရက်မှ မေလ(၁၈)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများဆောင်ရွက်နိုင်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့။ ကျောက်မျက်ရတနာတူးဖော်ရေးဌာန(မိုးကုတ်မြို့)။ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

စည်းစိမ်သစ်
နိုင်ငံခြားဘာသာစကားအထူးသင်တန်း

- ဂျပန်၊ ကိုရီးယား(လုပ်ငန်းခွင်သုံး၊ အင်တာဗျူး) သင်တန်း၊
- အိုင်ယာလန်၊ စင်ကာပူ၊ယူအေအီး၊ ကာတာ၊ မလေးရှားတို့အတွက် အလုပ်နှင့် စကားပြောသင်တန်း၊ အင်္ဂလိပ်စာ အရေးနှင့် အဖတ် Hotel သင်တန်း။ အလုပ်အကိုင်ရရှိရေးစီစဉ်ပေးသည်။

သင်တန်းခန်းမ– ၃၈လမ်းအထက်၊ အာရှပလာဇာ (ပ)ထပ်။ အမှတ် ၉၈၊ ၃၈ လမ်းအောက်။
ဖုန်း–၃၈၈၀၈၂၊ ၃၉၁၀၇၀-1 Ex (၁၈၂၄)။

ကျောက်ဝိုင်းတောရဓမ္မရိပ်သာ
ဘုရားထီးတော်တင်ဖိတ်ကြားလွှာ

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ရွှေဈေးအနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ကျောက်ဝိုင်းတောရ ဓမ္မရိပ်သာ စေတီတော်မြတ်ကြီးကို (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၅ ရက်) ၂၀၀၆ခုနှစ် မေလ၁၁ရက် (ကြာသပတေးနေ့)တွင် ထီးတော်တင်ပွဲ ပြုလုပ်မည် ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်မိသားစု အပေါင်းတို့နှင့် တပည့်ယောဂီဒါယကာ–ဒါယိကာမအပေါင်းတို့အား အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျောက်ဝိုင်းဓမ္မရိပ်သာ
ဘဒ္ဒန္တ သုဒဿန
ကျောက်ဝိုင်းဆရာတော်ကြီး။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ ရန်ကုန်တိုင်း
အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါအမှတ် ၀၀၁/ အမ်အီး/ ၂၀၀၆–၂၀၀၇

၁။ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်–

(က) Reconditioned Engine (HINO HO 7C/ HO 7D) Ass'y; With Gear Box Ass'y; (HP-175) — (120) Sets

(ခ) Reconditioned Rear Axle(HINO/ NISSAN, 14-Ton) Ass'y; — (120) Sets

၂။ (က) **တင်ဒါပုံစံများ ရောင်းချမည့်နေရာ** – ပစ္စည်းဝယ်ယူရေးနှင့်သိုလှောင်ရေးဌာန ကုန်းလမ်းပို့ဆောင်ရေး၊ ရန်ကုန်တိုင်း

(ခ) **တင်ဒါပုံစံများ ရောင်းချမည့်ရက်** – (၅–၅–၂၀၀၆)

(ဂ) **တင်ဒါပိတ်မည့် နေ့ရက်၊ အချိန်** – (၂၂–၅–၂၀၀၆) (၁၆:၀၀) နာရီ

(ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် တင်ဒါကို အကြောင်းတစ်စုံတစ်ရာမပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။)

၃။ အသေးစိတ်သိလိုသော အချက်အလက်များအား ပစ္စည်းဝယ်ယူရေးနှင့်သိုလှောင်ရေးဌာန၊ ဖုန်း–၀၁–၂၅၂၅၇၄ ၊ ၀၁–၃၇၆၅၄၉ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေး။**

ဟောင်ကောင်ဆေးတိုက်

သမားတော်ကြီး ဦးကျင်အေး၏သမီး ဒေါ်ခင်စန်းရီ (တဆ–၂၉၃၂) က ဝမ်းလျှော၊အကျိတ်ထွက်၊အကြောတက်၊ညောင်းညာ၊ကိုက်ခဲ၊ အသားအရေ မည်းပူခြောက်၊ ယားယံ အနာပေါက်၊ စားမဝင်၊ အိပ်မပျော်၊အသက်ရှူမဝ၊ မောခြင်း၊ ချောင်းဆိုးခြင်းတို့ကို ကုသပေးနေပါသည်။

အမှတ်–၃၃၃၊မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၂၄၅၅၄၀၊ ၃၈၇၅၇၇။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၈)၊ ဦးပိုင်အမှတ်(၃၇–က)၊ ၃၀/၃၁ လမ်းကြား ၈၄ လမ်း၊ ဘိုးဘပိုင်မြေကွက်အား ဦးအောင်စိန် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၉/မရမ(နိုင်) ၀၅၇၈၈၇က အမှုတွဲအမှတ် ၀၆၁၀/ဘ(ပြောင်း)/၂၀၀၅–၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Thiha Yarzar Group Of Companies များတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(က) စက်ရုံမှူး(ပီနံအိတ်စက်ရုံ)	ကျား	(၁)ဦး
(ခ) လက်ထောက်စက်ရုံမှူး(ပီနံအိတ်စက်ရုံ)	ကျား	(၁)ဦး
(ဂ) စာရင်းကိုင်	မ	(၂)ဦး
(ဃ) လက်ထောက်စာရင်းကိုင်	မ	(၂)ဦး
(င) ရုံးဝန်ထမ်း	မ	(၅)ဦး

- အမှတ်စဉ် (က)နှင့်(ခ)အတွက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်၊ အသက် (၄၀)နှစ်အောက်ဖြစ်ရမည်။ ပီနံစက်ရုံလုပ်ငန်းအားလုံးကို ကျွမ်းကျင်စွာ သိရှိ နားလည်တတ်ကျွမ်းရမည်။
- အမှတ်စဉ်(ဂ)၊(ဃ)နှင့်(င)အတွက် ဘွဲ့ရ၊ အိမ်ထောင်မရှိသူအပျိုနှင့် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အမှတ်စဉ် (ဂ)နှင့်(ဃ)အတွက် B.Com (သို့) LCCI LEVEL III အောင်ပြီး Computerized Accounting Software တစ်ခုခု သုံးနိုင်ရမည်။ Final Account ကျွမ်းကျင်စွာ ဆွဲနိုင်ရမည်။ စာရင်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- အမှတ်စဉ်(င)အတွက် ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံရှိသူနှင့် အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် CV၊ ဓာတ်ပုံ(၂)ပုံ၊နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနှင့် အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ် 7-D ၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၅၂၅၆၅၃၊ ၅၀၁၇၃၁၊ ၅၃၇၇၇၃။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က အမှတ်(၈)ရပ်ကွက် ဓမ္မစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင် မြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်းဆောက်လုပ် ပြီးစီးသော ကျေးလက်အိမ်ရာများကို ဧပြီ ၆ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်နှင့် နွားမယံစံပြကျေးရွာမှ အိမ်ရှင် ဒေါ်အေးမိစံမိသားစုတို့က ရှင်းလင်းပြောကြားစဉ်။ (က–ပ)

ဗိုလ်လောင်စာဆီအစားထိုး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းစိုက်ပျိုး မိမိတိုင်း၊ မိမိဒေသဖွံ့ဖြိုးရေး ဖိဖိစီးစီးအားထည့်လုပ်ကိုင်ဆောင်ရွက်

ရန်ကုန် မေ ၅

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၃ ရက် နံနက် ၇ နာရီတွင် မြိတ်မြို့ရှိ မြိတ်လေဆိပ်ဝင်းအတွင်း၌ ကျင်းပသည့် မြိတ်ခရိုင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ တာပတ်လမ်းတစ်လျှောက် ဆိပ်ခံဖောတံတားများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပဟိုတစ်ပွဲလုံး အနောက်မျှော်ဝါဒကျင့်သုံးပြီး ပြည်ပကို အားကိုးလွန်းနေ မြန်မာပြည်သားအချင်းချင်းကို အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ရန်တိုက်ပေးခဲ့ ဆက်လက်ဦးဆောင်နိုင်မည့်အခြေအနေမရှိဘဲ အနာဂတ်အတွက်လည်း လမ်းညွှန်နိုင်မှုမရှိ ဒီမိုကရေစီရေးပန်းပြပြီး ငါမိုကရေစီရေးနှင့်အတ္တအကျိုးကို ရှေးရှုနေသည့်အတွက် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာမှ °NLD ပါတီဝင် ၆၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၅

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၂ ဦးတို့သည် ၎င်းတို့၏သဘောဆန္ဒအလျောက် ၎င်းတို့၏ နုတ်ထွက်လွှာများကို စုပေါင်းလက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများပေးပို့အကြောင်းကြားခဲ့ပြီး ၎င်းတို့၏စုပေါင်းနုတ်ထွက်ပွဲကို မေ ၂ ရက် နံနက် ၉နာရီ၂၃မိနစ်တွင် ရွှေပြည်ကျေးရွာ ရွှေပြည်ရွာရင်းကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❐

မိုးလေဝသအခြေအနေ (မေ ၆ ရက်)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် အတန်းအလိုက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲအကြို အထူးငါးချီစိန်ခေါ်ပွဲတွင် မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)၏ ညာလက်သီး ဝမ်ရှိ (°K-L-N) မျက်နှာအား ဤသို့ ထိမိခဲ့သည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံလုပွဲ ဖွင့်လှစ် အတန်းလိုက် ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့စတင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး–ကိုထွေး၊ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●